# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၀၆)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ စနေနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့်အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ - ၉ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ကျင်းပ

## နိုင်ငံတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကိုကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်



နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစိုးရအဖွဲ့သည်

**စာမျက်နှာ ၁၆ ကော်လံ ၁** ✭




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂ ရက်)

# ရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူများပူးပေါင်းပါဝင်

မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိရာ အဆိုပါစနစ်တွင် လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးသည် အရေးကြီးဆုံးအခန်းကဏ္ဍတွင်ပါဝင်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆီသို့ လျှောက်လှမ်းနေချိန်တွင် ရွေးကောက်ပွဲသည် အရင်းခံဖြစ်သည်။ လာမည့်ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများအားလုံးမဲပေးနိုင်ရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၇ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာများကိုကျင့်သုံးနေစဉ်ကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့်လမ်းညွှန်မှုများပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင်ဖွဲ့စည်းခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ စတုတ္ထအချက်တွင် **“ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုအောင်မြင်စွာလျှောက်လှမ်းနိုင်ရေး၊ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”**ဟူ၍ ဖော်ပြထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဒေသအလိုက်လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျင်းပပြုလုပ်ရန်စီမံဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP–Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်မည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရာတွင်လည်း မဲစာရင်းများမှန်ကန်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး အရေးကြီးသကဲ့သို့လွတ်လပ်ပြီးတရားမျှတမှုအပြည့်ရှိသော ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲဖြစ်စေရေးအတွက်လည်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာအကဲခတ်ရေး ကိုယ်စားလှယ်များကိုဖိတ်ခေါ်ထားသည်။ ထိုသို့ဆောင်ရွက်မှသာ ကျင်းပသည့်ရွေးကောက်ပွဲသည် တရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ရွေးကောက်ပွဲမှထွက်ပေါ်လာသည့်လွှတ်တော်သည်လည်း ဂုဏ်သိက္ခာရှိသည့်လွှတ်တော်တစ်ရပ်ဖြစ်သည်ကို ကမ္ဘာကိုချပြနိုင်မည်ဖြစ်သည်။

လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံးမဲပေးနိုင်ရေးအရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့်ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး၊ ရွေးကောက်ပွဲအားမလိုလား၍ ဖျက်ဆီးမည့်သူများအန္တရာယ်မှကာကွယ်တားဆီးပေးရမည်ဖြစ်သည်။ ထိုသို့ကာကွယ်တားဆီးပေးနိုင်ရန်အတွက် တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ဆောင်ရွက်ခြင်း၊ လိုအပ်ချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခဲ့ပြီး ဆောင်ရွက်ခြင်း၊ ပြည်သူ့လုံခြုံရေး၊ ကာကွယ်ရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်းများရှိသော်လည်း ၎င်းတို့ဖြင့်မလုံလောက်ဘဲ ပြည်သူတစ်ရပ်လုံးမှလည်း တတ်စွမ်းသရွေ့ဝိုင်းဝန်းကူညီကြိုးစားပူးပေါင်းဆောင်ရွက်ပေးမှသာ ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့မှသာမျှော်မှန်းထားသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေကို “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်ခြင်းကို တားဆီးနှောင့်ယှက်ခြင်းမှကာကွယ်ရန်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမကျင်းပမီစည်းရုံးရေးကာလအတွင်း ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးမှုများကို နှောင့်ယှက်ဟန့်တားခြင်းမှကာကွယ်ရန်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း လုံခြုံစိတ်ချစွာဖြင့် လွတ်လပ်စွာဆန္ဒမဲပေးရေးကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်းတို့မှကာကွယ်ရန်၊ မဲရုံနှင့်မဲရုံအတွင်းတာဝန်ကျသူများလုံခြုံမှုအပြည့်အဝဖြင့် တာဝန်ထမ်းဆောင်နိုင်ရန်”ရည်ရွယ်ချက်များဖြင့် ထုတ်ပြန်ထားခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲလုပ်ငန်းများအောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁၈/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်မီးသတ်စခန်း၌ ကျင်းပသည်။

ရှေးဦးစွာမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များအား ပေးအပ်သည်။

သင်တန်းတွင် သင်တန်းသား ၆၀ ဦးဖြင့် ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနည်းတူ မီးဘေးအန္တရာယ်များအပါအဝင် အခြားသဘာဝဘေးအန္တရာယ်များနှင့် ရုတ်တရက်ဖြစ်ပွားသောဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်လာပါက မီးငြိမ်းသတ်ရေးလုပ်ငန်းများအပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများသာမက အဆိုပါဖြစ်စဉ်များတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်၊ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီအဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများအား ကျွမ်းကျင်ပိုင်နိုင်စွာ စနစ်တကျကိုင်တွယ်ထိန်းသိမ်းအသုံးပြုတတ်စေရန်နှင့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို စာတွေ့/လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**နေကိုထိုက်**

# ပဲခူးမြို့တွင် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၁**

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)နည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ လူငယ်စင်တာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးနှင့် အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်တို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ပြီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါ်ရီရီဝင်းနှင့် ဒေါ်ခင်ညိုတို့က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)နည်းပြသင်တန်းအမှတ်ပေး စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသူများက ကိုးဦးတွဲလေ့ကျင့်ခန်းသရုပ်ပြသကာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ မခိုင်ဆုဇာသင်းက တစ်ဦးချင်း စိတ်ကြိုက်သရုပ်ပြသပေးသူများအား ဂုဏ်ပြုငွေများပေးအပ်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)နည်းပြသင်တန်းအား ရန်ကုန်မြို့တွင်ကျင်းပမည့် ၂၀၂၅ ခုနှစ် (၂၈)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးအေရိုးဗစ်အသင်း အဆင့်အတန်းမီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသူ ၅၀ ဦးတက်ရောက်ကြကြောင်းသိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

## MWD Education, Knowledge & Sports Channel

**၂-၈-၂၀၂၅(စနေနေ့)**

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | – | ၁၀:၀၃ | Grade – 10 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ | – | ၁၄:၀၃ | Grade – 10 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ | – | ၁၈:၀၅ | Grade – 10 | ရူပဗေဒ၊ ဇီဝဗေဒ |
| ၄။ | ၁၈:၀၅ | – | ၁၉:၅၃ | Grade – 10 | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E–mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ရေသွင်းမတ်ပဲများ မန္တလေးပဲနှမ်းဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်နေ



မန္တလေး ဩဂုတ် ၁

မန္တလေးပဲနှမ်းဈေးကွက်သို့ ရေသွင်းမတ်ပဲ(ခေါ်) မတ်ပဲအသစ်များ ယခုရက်ပိုင်းအတွင်း လှိုင်လှိုင်ဝင်ရောက်လာပြီး လက်ရှိတွင် အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ပြောပြချက်အရ သိရသည်။

အဆိုပါရေသွင်းမတ်ပဲများကို ပြီးခဲ့သည့်နွေရာသီက မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်ကမ်းနှင့် ချင်းတွင်းမြစ်ကမ်းအနီး ဒေသတချို့၌ ရေသွင်းစိုက်ပျိုးခဲ့ကြပြီး ယခုအခါ မန္တလေးပဲနှမ်းဈေးကွက်သို့ ရေစကြို၊ ပခုက္ကူ၊ စဥ့်ကူး၊ စလင်းနှင့်ဆင်ဖြူကျွန်းစသည့်ဒေသများမှ စိုက်ပျိုးထွက်ရှိသော ရေသွင်းမတ်ပဲများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"ရေသွင်းမတ်ပဲတွေကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီး စတဲ့တိုင်းဒေသကြီးတွေမှာ အဓိကစိုက်ပျိုးကြပြီး ဒီနှစ်မှာလည်း ရေသွင်းမတ်ပဲတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းပါတယ်။ မတ်ပဲက အိန္ဒိယနိုင်ငံကို နှစ်စဉ် G to G စာချုပ်နဲ့ တင်ပို့နေရတာကြောင့် ဈေးကွက်အတွက် စိတ်ပူစရာမရှိပါဘူး။ တောင်သူတွေအနေနဲ့ အခုလို ရေသွင်းမတ်ပဲတွေကို သီးထပ်သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်လာနိုင်တာကြောင့် အရင်ကထက် မိသားစုဝင်ငွေပိုမိုရရှိလာပြီး အဆင်ပြေလာတာတွေ့ရပါတယ်" ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ယခင်က ပြည်တွင်း၌ ဆောင်းမတ်ပဲကိုသာ အဓိကထားစိုက်ပျိုးကြပြီး ပြီးခဲ့သည့်သုံးနှစ်ခန့်မှစ၍ အညာဒေသများ၌ နွေရာသီတွင်လည်း သီးထပ်အဖြစ် ရေသွင်းမတ်ပဲများကို စိုက်ပျိုးလာကြကြောင်း၊ ထိုသို့ ရေသွင်းမတ်ပဲများစိုက်ပျိုးရာတွင် မြစ်၊ ချောင်းကမ်းနားနေရာများ၌ ရေစုပ်စက်ဖြင့်လည်းကောင်း၊ မြစ်၊ ချောင်းများနှင့်ဝေးသောဒေသများ၌ မြေအောက်ရေဖြင့်လည်းကောင်း ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

ရေသွင်းမတ်ပဲများသည် သဘာဝမြေသြဇာ၊ နွားချေး၊ သစ်ဆွေးမြေဆွေးများနှင့်လည်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်အပြင် အိန္ဒိယနိုင်ငံ၏ဝယ်လိုအားကြောင့် မတ်ပဲဈေးကွက်သည် အဆင်သင့်ရှိနေသည့်အတွက် မတ်ပဲစိုက်တောင်သူများအနေဖြင့် ဆောင်းမတ်ပဲသာမက နွေရာသီတွင်လည်း ရေသွင်းမတ်ပဲများကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ မတ်ပဲကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသာမက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေမည်ဖြစ်ပြီး ပြည်ပနိုင်ငံများသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

# ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)၌ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များငှားရမ်း

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုနိုင်စေရန်ရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ကျေးရွာများနှင့် အခြေခံပညာကျောင်းများအရောက် စာအုပ်စာစောင်များအခမဲ့ငှားရမ်းပေးလျက်ရှိရာ ဩဂုတ်လ ၁ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)၌ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းများဆောင်ရွက်ကြောင်း သိရသည်။

ကော့မှူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကျေးရွာ/ရပ်ကွက်များအရောက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ၊ ရသ စာအုပ်စာစောင်များကိုနှစ်ပတ်တစ်ကြိမ် သွားရောက်ငှားရမ်းပေးလျက်ရှိသည်။

"အရင်က စာဖတ်ချင်ပေမယ့် စာအုပ်သွားငှားဖို့ အဆင်မပြေတော့ စာမဖတ်ဖြစ်ဘူး။ အခု ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်နဲ့ ကျေးရွာအရောက် စာအုပ်စာစောင်တွေ အခမဲ့လာရောက်ငှားရမ်းပေးတော့ အဆင်ပြေတယ်။ လူငယ်တွေ စာများများဖတ်ဖို့လိုပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ စာအုပ်စာစောင်တွေကို စိတ်ဝင်တစားလေ့လာဖတ်ရှု ငှားရမ်းနေတာကိုမြင်ရတော့ ဝမ်းသာကြည်နူးမိပါတယ် "ဟု ကော့မှူးမြို့နယ်မှ ဒေသခံတစ်ဦးကပြောသည်။

ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည်ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စာပေနှင့်ရင်းနှီးပြီး စာအုပ်စာစောင်များလေ့လာဖတ်ရှုနိုင်စေရန် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ပေါ်တွင် သုတ၊ ရသ စာအုပ်စာစောင်၂၀၀၀ ကျော်ဖြင့် အစိုးရရုံးပိတ်ရက်များမှအပ လိုက်လံငှားရမ်းပေးပြီး စာအုပ်ငှားကတ်တစ်ခုလျှင် နှစ်အုပ်နှုန်းဖြင့် ရက်သတ္တနှစ်ပတ်ကြာ ငှားရမ်းနိုင်ပြီး နှစ်ပတ်ပြည့်ပါက စာအုပ်အသစ်များဖြင့် လဲလှယ်ငှားရမ်းပေးကာ စာကြည့်တိုက်အသင်းဝင်လိုသူများကိုလည်း စာအုပ်ငှားကတ်များပြုလုပ်ပေးနေကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

# ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမခံရစေရေး အသိပညာပေး



မြိတ် ဩဂုတ် ၁

မြိတ်တက္ကသိုလ်နှင့် အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(မြိတ်)တို့ပူးပေါင်းဆောင်ရွက်သည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမခံရစေရေး အသိပညာပေးဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ်လ ၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(မြိတ်) ဒုတိယရဲမှူး ကျော်မျိုးသိန်းက အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများသို့ လိမ်လည်စည်းရုံးခေါ်ဆောင်သည့်နည်းလမ်းများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် လူကုန်ကူးမခံရစေရေးအတွက် သတိပြုရမည့်အချက်များနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယရဲမှူး ကျော်မျိုးသိန်းကပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်၊ အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မြိတ်) ဒုတိယရဲမှူး ကျော်မျိုးသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြိတ်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာဝါဝါထွန်းနှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### လခတိုးပေးခြင်း

တတိယတစ်ချက်မှာ ဟံသာဝတီသတင်းစာတိုက်ပိုင်ရှင်ဦးညွန့်ထံမှ ကျွန်ုပ်ကိုခေါ်သည့် စာသုံးစောင်ရရှိခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် စာအပြန်အလှန်ရေးကြပြီးနောက် တတိယစာတွင် ဦးညွန့်က ကျွန်ုပ်ထံသို့ လစာအကြောင်းနှင့်တကွ နှစ်တိုးလခအကြောင်းပါ အတိအလင်းဖော်ပြလိုက်ပါသည်။ ကျွန်ုပ်သည် ဦးညွန့်၏စာကို လူထုတိုက်ပိုင်ရှင်ဇနီးမောင်နှံထံပြလိုက်ရာ သူတို့သည် ဦးညွန့်အပေါ်တွင် အတော်လေးစိတ်ဆိုးပုံရ၏။ သူတို့တိုက်၌ အလုပ်လုပ်နေသောလူတစ်ယောက်ကို ခေါ်ယူရချေမည်လောဟု စိတ်မကောင်းဖြစ်ပုံရ၏။ သို့ရာတွင် ဦးညွန့်ဘက်မှ ကြည့်တော့လည်း ဟံသာဝတီတိုက်သို့ ဝင်လုပ်မည်ဟု ဆင်းလာသူတစ်ယောက်ကို သူတို့က လမ်းမှဖြတ်ပြီး တားဆီးလိုက်ခြင်းလည်း ဖြစ်ပေသည်။

ကျွန်ုပ်သည် ဦးညွန့်၏စာကို မောင်လှတို့အားပြလိုက်ခြင်းမှာ ရည်ရွယ်ချက်တစ်ခုရှိ၏။ ဦးညွန့်ပေးသောလခသည် လူထုတိုက်မှရရှိသောလခထက် ကြီးမြင့်သည့်အပြင် သတင်းစာဆရာများအဖို့ရာ၌ ရန်ကုန်သည် မန္တလေးထက် ကြီးပွားလမ်းရှိသည်ဖြစ်သောကြောင့် ဦးညွန့်၏အလုပ်ကို ကျွန်ုပ်လက်ခံလို၏။ သို့ရာတွင် နောက်ကြောင်းများကို ပြန်လည်သုံးသပ်လိုက်ပြန်ရာတွင် ဦးညွန့်နှင့် လူထုတိုက်ပိုင်ရှင်ဇနီးမောင်နှံတို့ကို ပုဂ္ဂိုလ်အနေဖြင့် နှိုင်းယှဉ်ချက်ထုတ်ကြည့်လိုက်၏။ ကျွန်ုပ်သည် လူထုတိုက်၌ လုပ်ကိုင်လျက်ရှိသည့် ထိုအချိန်သို့တိုင်အောင် (တစ်နှစ်ခန့်ရှိပြီထင်သည်။) လူထုသတင်းစာသည် လောကစံနှင့် မကြုံရဖူးသေးသဖြင့် လူထုမောင်နှံတို့၏ အကောင်းအဆိုးကို ကျွန်ုပ်အကဲခတ်ခွင့်မရသေးလင့်ကစား ကျွန်ုပ်အား စိတ်မချမ်းမသာဖြစ်စေမည့် အပြုအမူ၊ အပြောအဆိုနှင့် မျက်နှာထားမှစ၍ ရှောင်ကြဉ်ကြလိမ့်မည်ဟု အကဲခတ်မိသည်။ ဦးညွန့်အကြောင်းမှာ ဤကဲ့သို့ အကဲခတ်မရချေ။ ဗြိတိသျှဘားမားကုမ္ပဏီ၌ အလုပ်လုပ်ကြဖူးသည့် ဉာဏအစရှိသော အလုပ်သမားများကပြောပြသည်မှာ သူဌေးဦးညွန့်သည် စိတ်တိုင်းကျသည့်အခါများတွင် မျက်နှာအလွန်ရွှင်ပျ၍ မြှောက်စားပေးတတ်ခြင်းနှင့်အတူ စိတ်တိုင်းမကျသောအခါများတွင်လည်း မျက်နှာထားဖြင့်

> " ကျွန်ုပ်သည် ဦးညွန့်၏စာကို မောင်လှတို့အားပြလိုက်ခြင်းမှာ ရည်ရွယ်ချက်တစ်ခုရှိ၏။ ဦးညွန့်ပေးသောလခသည် လူထုတိုက်မှရရှိသောလခထက် ကြီးမြင့်သည့်အပြင် သတင်းစာဆရာများအဖို့ရာ၌ ရန်ကုန်သည် မန္တလေးထက် ကြီးပွားလမ်းရှိသည်ဖြစ်သောကြောင့် ဦးညွန့်၏အလုပ်ကို ကျွန်ုပ်လက်ခံလို၏ . . ."

ဖော်ပြတတ်သည်ဆို၏။ သို့ဆိုလျှင် ငါသည် ဉာဏတို့အရွယ်မဟုတ်။ သတင်းစာအရေးအသားကြောင့် အစိုးရက အရေးယူ၍ သတင်းစာခံရသည်ဆိုလျှင် (ဖြစ်လည်းဖြစ်နိုင်သည်။) ငါ့အား မသာယာသော မျက်နှာထားမျိုးပြမည်ဆိုက ထွက်လျှင် ထွက်သွားမည်။ မထွက်နိုင်လျှင်လည်း စိတ်မချမ်းမသာဖြစ်ရလိမ့်မည်။ သုံးလေးကြိမ်ပြုံး၍ပြသော်လည်း တစ်ကြိမ်မျက်နှာကြောတင်းလျှင် ငါခံချင်လိမ့်မည်မဟုတ်။ သို့ဖြစ်၍ လူထုတိုက်၌ပင် ဆက်လက်၍ လုပ်ပါတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ သို့သော် ဦးညွန့်၏စာကို လူထုမောင်နှံအားပြရသော် မိမိအတွက် အကျိုးရှိလိမ့်မည်ထင်သည်နှင့် မောင်လှ၏လက်သို့ ထည့်လိုက်ပါသည်။ စာကို ဖတ်ကြည့်ပြီးနောက် မောင်လှက "ကျွန်တော်တို့ အခြေအနေအရတော့ ဦးညွန့်ပေးသလောက်မပေးနိုင်လို့ ဝမ်းနည်းပါတယ်။ သို့သော် အိမ်လခအတွက် ၅ဝ ကျပ် ပိုပေးပါမယ်" ဟု ပြောလေသည်။ ဖော်ပြခဲ့ပြီးသော အကျိုးတရားသုံးခုအနက် ဦးစောကခေါ်ခြင်းသည် ကျွန်ုပ်အဖို့ အကျိုးကျေးဇူးပေါ်ထွက်လာသည် မဟုတ်စေကာမူ အလုပ်ရှင်များက ခေါ်ခြင်းကို ငြင်းပယ်ရခြင်းသည် အလုပ်သမားများအဖို့ အရသာတစ်ခုဖြစ်သည်ဟု နားလည်ပါသည်။ ကျွန်ုပ်သည် ဤအဖြစ်အပျက်များကို လူတကာသို့ပြောပြခြင်းအားဖြင့် အသားယူသူတစ်ယောက်မဟုတ်သော်လည်း (စုံထောက်ဝတ္ထုခေတ်ကကဲ့သို့ ဒူးရင်းသီး၊ မင်းကွတ်သီးများ မစားရစေကာမူ) "ငါ့ကို ဟိုကသည်က ခေါ်ကြပေသည်" ဟု ကိုယ့်ဟာကိုယ် စဉ်းစားရခြင်းသည်လည်း ကြည်နူးဖွယ်တစ်ခု ဖြစ်ခဲ့ပေသည်။

### မာနလျှော့ကျပုံ

လူထုမောင်နှံသည် ပထမတွင် သတင်းစာခေါင်းကြီးအရေးအသားနှင့်ပတ်သက်၍ ကျွန်ုပ်အား ဆရာသမားအရာ၌ ထားကြပုံရသည်။ ကျွန်ုပ်၏စာတစ်လုံးကို ပြင်ဖို့ သူတို့အတော်တွန့်ဆုတ်ပုံရ၏။ ကျွန်ုပ်မှတ်မိပါသေးသည်။ တစ်နေ့သ၌ ကျွန်ုပ်သည် ခေါင်းကြီးတစ်ပုဒ်ရေးပြီး ဓားတန်းမှ တိုက်သို့မသွားဘဲ သူငယ်တစ်ယောက်ကို စေလွှတ်ပေးပို့လိုက်၏။ ထိုအချိန်တွင် မောင်လှမရှိချေ။ တစ်နာရီခန့်ကြာလတ်သော် လူထုတိုက်သားတစ်ယောက်ရောက်လာ၍ မအမာက ခေါင်းကြီး၌ ခေါင်းစီးတပ်ပုံ စာတစ်လုံးပြင်ပေးဖို့မှာလိုက်ကြောင်း ပြောလေသည်။ ထိုစဉ်ကမူ စာအရေးအသားနှင့်ပတ်သက်၍ ကျွန်ုပ်မှာ အတော်မာနရှိသူတစ်ယောက်ဖြစ်သည်နှင့် မအမာ၏အပြုအမူကို ကျေနပ်လှသည်မဟုတ်။ သူရိယတိုက်၌ အလုပ်လုပ်စဉ်က ပီမိုးနင်းသည် ဆရာလွန်း၏စာတစ်လုံးကို ဝေဖန်မိသည်နှင့် ဆရာကြီးအသားဆတ်ဆတ်တုန်သွားခြင်းကို ကျွန်ုပ်မှတ်မိပါသေးသည်။ လူထုမောင်နှံတို့သည် တဖြည်းဖြည်းတွန့်ဆုတ်မှုပေါ့လျော့လာကြလေရာ ဤနောက်ပိုင်း၌မူ တစ်လမ်းတည်းနေကြ၍ အိမ်ချင်းနီးကပ်လျက်ရှိသော်လည်း စာတစ်လုံး၊ နှစ်လုံးမက တစ်ပိုဒ်၊ နှစ်ပိုဒ်ကိုပင် ရဲတင်းစွာ ပြင်ဝံ့ကြလေပြီ။ ကျွန်ုပ်သည် မြန်မာစာအရေးအသားနှင့်ပတ်သက်၍ ဆရာကြီးကဲ့သို့ အသားဆတ်ဆတ်တုန်လောက်အောင် မာနကြီးဖို့ ပညာအခြေခံရှိသူတစ်ယောက် မဟုတ်သော်လည်း ပထမ၌ အတော်အောင့်သွား၏။

ထို့နောက် တဖြည်းဖြည်းတွင်မှ ကျင့်သားရ၍ ခံနိုင်ရည်ရှိလာ၏။ ဤနောက်ဆုံးပိုင်းတွင်မူကား လောကုတ္တရာဘက်၌ အလေးအနက် လှေ့လာလိုက်ရာတွင် စာရေးတတ်ခြင်းသည် ရေးကြီးခွင့်ကျယ်ပညာရပ်တစ်ခု မဟုတ်ဟူ၍ ယူဆလာသည်ဖြစ်သောကြောင့် လောကီမှုရေးရာစာပေမျှလောက်ကို မည်သူက ဝေဖန်၍ မည်သူက ပြင်ဆင်ပေးသည်ဖြစ်စေ စိတ်ထဲ၌ တစ်ချက်လေးအောင့်သွားရုံထက် ပိုပြီး ကြာရှည်စွာအခံရခက်လောက်အောင်မရှိတော့သဖြင့် ကိုယ့်ဟာကိုယ် ဂုဏ်ယူမိပါသည်။

### ကျေနပ်သည်များလည်း ရှိခြင်း

ကျွန်ုပ်သည် ဤမှတ်တမ်းကိုရေးရာ၌ စိတ်ထဲတွင်ရှိသမျှကို ရိုးသားစွာဖော်ပြတန်သလောက် ဖော်ပြခြင်းဖြစ်သည့် အလျောက် တချို့လူများ ကျေနပ်ခြင်းများလည်းရှိ၍ မကျေနပ်သောအချက်များလည်း ပါရှိပေလိမ့်မည်။

ဤသို့ ဖော်ထုတ်ရေးသားခြင်းများမှာ ထိုထိုသောပုဂ္ဂိုလ်များအား မြှောက်ပင့်လိုသောကြောင့်လည်းမဟုတ်။ ထိခိုက်နာကျင်စေလိုသောကြောင့်လည်းမဟုတ်။ ကျွန်ုပ်၏အဆိုးအကောင်း ဝါသနာလေးများကို တင်ပြလိုသောကြောင့်မျှသာဖြစ်၏။ လူထုမောင်နှံနှင့် ပတ်သက်၍ မကျေနပ်သည့်အဓိပ္ပာယ်ရှိသော အခြင်းအရာကိုလည်း ဖော်ပြပြီးနောက် ကျွန်ုပ်အလွန်ကျေနပ်သော အခြင်းအရာကိုလည်းဖော်ပြရပေမည်။ ကျေနပ်သောအခြင်းအရာကို ဖော်ပြခြင်းသည် သူတို့အား မြှောက်လို၍မဟုတ်။ မကျေနပ်သောအခြင်းအရာကို ဖော်ပြခြင်းသည်လည်း သူတို့အား ပြုပြင်စေလိုသောကြောင့်မဟုတ်။ (သူတို့မှာလည်း သူတို့ဝါသနာလေးတွေနှင့်သူတို့ ရှိကြပေလိမ့်မည်။) ကျွန်ုပ် ကျေနပ်လှသောအချက်မှာ ဤသို့တည်း။ ကျွန်ုပ်သည် တစ်ခါတစ်ရံ ဝက်လက်သို့ အလည်အပတ်သွားရာတွင် သုံးရက်လောက်နေမည်ဟု ပြောသွားပြီး လေးငါးခြောက်ရက် ကြာချင်ကြာခဲ့၏။ ကျွန်ုပ်ဘက်ကလည်း လူငယ်များဆို၍ မလေးမစားမလုပ်ဘဲ ရက်ပို၍ ကြာစေကာမူ ကျွန်ုပ်၏တာဝန်ဖြစ်သာ ခေါင်းကြီးများကို ဝက်လက်၌ရေး၍ သူငယ်တစ်ယောက်ကိုစေလွှတ်ပြီး နေ့တိုင်းပို့၏။ ဝက်လက်မှပြန်ရောက်လာ၍ မအမာနှင့်တွေ့ရာတွင် သူက "ကိုလှက ပြောတယ်၊ ဦးလေးသိန်းဟာ ပြောသွားတဲ့ရက်မှာ ပြန်မရောက်ပေမယ့် သူ့တာဝန်ကိုတော့ သိပ်ဂရုစိုက်ပေတယ်တဲ့"ဟု ပြောပေသည်။ ကျွန်ုပ်၏ စိတ်ထဲ၌ ဤစကားသည် အလွန်တာသွား၏။ မောင်လှက သူ့ဇနီးအား ကျွန်ုပ်အကြောင်းကို ချီးမွမ်းပြောဆိုခြင်းကား ထားပါဦးတော့။ ဤစကားကို မအမာက ကျွန်ုပ်အား ပြန်ပြောင်းပြောပြခြင်းမှာ အဓိပ္ပာယ်ရှိလှသည်။ အလုပ်ရှင်နှင့် အလုပ်သမားတစ်ယောက်အနေဖြင့် ဤစကားမျိုးပြောသော အလုပ်ရှင်သည် အတော်ရှားပေလိမ့်မည်။ ကျွန်ုပ်၏ ပျက်ကွက်ခြင်းကို ဖိ၍ပြောပြီး တာဝန်သိခြင်းကို မြှုပ်ထားချင်သော အလုပ်ရှင်တို့သာ ပေါများပေလိမ့်မည်။ အလုပ်သမားတစ်ယောက်ကို ချီးမွမ်းလိုက်လျှင် ကမ်းတက်ပြီး ခဏခဏပျက်ကွက်၍ သွားချင်ရာ သွားနေလိမ့်မည်ဟုယူဆသော အလုပ်ရှင်တို့သာ များပေလိမ့်မည်။ ဟံသာဝတီဦးညွန့်ဆိုလျှင် ကျွန်ုပ်ကလည်း မနေဝံ့၊ အကယ်၍ နေမိလျှင်လည်း မည်သည့်နည်းနှင့်မျှ မအမာပြောသကဲ့သို့ ပြောလိမ့်မည်မဟုတ်ဆိုကာ လူထုတိုက်ကို ရွေးချယ်မိခြင်းကား တော်လေစွဟု ခဏခဏအောက်မေ့မိပါသည်။ ဤစကားတစ်လုံးသည် မအမာ၏ချွတ်ယွင်းချက်လေးများကို ဖြေဖျောက်စေပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ကျောက်ဆည်တက္ကသိုလ်၌ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြော

စဉ့်ကိုင် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၃၁ ရက်ကကျင်းပရာ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေက အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိသည့်အမှိုက်ဟူ၍ အမှိုက်အမျိုးအစားလေးမျိုးကို အမှိုက်ပုံးလေးပုံးဖြင့် အရောင်ခွဲခြားသတ်မှတ်၍ စနစ်တကျစွန့်ပစ်သည့်စနစ်ကျင့်သုံးကြရန်နှင့် ခွဲခြားစွန့်ပစ်ရမည့် အမှိုက်အမျိုးအစားများအကြောင်းကို အသိပညာပေးရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်က Go Green, Stay Clean – Make Our Campus Better ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကျောင်း



သား၊ ကျောင်းသူများက ခွဲခြားစွန့်ပစ်ရမည့်အမှိုက်များကို စနစ်တကျစွန့်ပစ်သရုပ်ပြခြင်းတွင် လက်တွေ့ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# ကျိုင်းတုံမြို့နယ်၊ လွိုင်မွေဒေသ၊ ကျေးရွာ(၄)ရွာ စိမ့်စမ်းရေသွယ်ယူခြင်း (၉/၀)မိုင်လုပ်ငန်းဖွင့်ပွဲပြုလုပ်၊ နောင်လျှန်ရေလှောင်တမံစီမံကိန်းနေရာအား ကြည့်ရှု



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက လွိုင်မွေဒေသ ကျေးရွာ(၄)ရွာ စိမ့်စမ်းရေသွယ်ယူခြင်း(၉/၀)မိုင် လုပ်ငန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေဒေသ၊ ကျေးရွာ(၄)ရွာ စိမ့်စမ်းရေသွယ်ယူခြင်း(၉/၀)မိုင်လုပ်ငန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်မွေ တောင်စခန်းမြို့၊ လွိုင်မွေရေကန်ကြီးအနီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အဆိုပါလုပ်ငန်းဆောင်ရွက်ခဲ့မှုအပေါ် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ၎င်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များအား တိုင်းမှူးနှင့် တာဝန်ရှိသူများထံသို့ ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လွိုင်မွေဒေသ ကျေးရွာ(၄)ရွာ စိမ့်စမ်းရေသွယ်ယူခြင်း(၉/၀)မိုင်လုပ်ငန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် တည်ဆောက်မည့် လွိုင်မွေမြို့ နောင်လျှန်(ဖ)ကျေးရွာအနီးရှိ နောင်လျှန်ရေလှောင်တမံ တည်ဆောက်မည့် စီမံကိန်းလျာထားနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နောင်ချိုမြို့၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြား၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းဖွင့်လှစ်နေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းအပ်နှံမှု ဆက်လက်လက်ခံစဉ်။



ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းပေးစဉ်။



တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင်ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၇၄၈ ဦး ထပ်မံ၍ လာရောက်အပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ကျောင်းသူ ၂၅၆၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံ ဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၆ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

၎င်းအပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးအချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက်ရေမြောင်းများတူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်နှင့် မန္တလေးမြို့တို့၌ သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချမှုကို ဩဂုတ်လဆန်းပိုင်းမှ စတင်ဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းတို့ကြီးမှူး၍ နေပြည်တော်နှင့် မန္တလေးမြို့တို့၌ သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချမှုကို ဩဂုတ်လဆန်းပိုင်းမှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ သိရသည်။


ပြည်တွင်း၌ ဆန်ဈေးနှုန်းတည်ငြိမ်စေရန်နှင့် ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်စေရန်ရည်ရွယ်၍ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်းနှင့်ဧည့်မထ စသည့်ဆန်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသောကြောင့် ဩဂုတ်လဆန်းပိုင်းမှစ၍ နေပြည်တော်နှင့်မန္တလေးမြို့တို့၌လည်း တိုးချဲ့ရောင်းချရန်စီစဉ်ခြင်းဖြစ်သည်။

"ထပ်တိုးရောင်းချပေးမှု အနေနဲ့ နေပြည်တော်နဲ့ မန္တလေးမြို့တွေမှာလည်း ဩဂုတ်လဆန်းပိုင်းကစပြီး ဆန်တွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးဖို့ စီစဉ်ထားပါတယ်။ နေပြည်တော်နဲ့ မန္တလေးမြို့က ဆန်ကုန်သည်တွေရဲ့ဆိုင်တွေမှာ 10 kg အိတ်တွေနဲ့ ဆန်တွေကို ရောင်းချပေးမှာပါ" ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်ကပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းတို့ကြီးမှူး၍ သက်သာသောဈေးနှုန်းဖြင့် ဆန်များ ဖြန့်ဖြူးရောင်းချပေးရာတွင် လက်ရှိ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ဆန်စပါး ကုန်စည်ဒိုင်တို့အပြင် ရန်ကုန်မြို့ရှိ စည်ပင်သာယာဈေးများ၌လည်း မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးမှုကြောင့် စားသုံးသူပြည်သူများအနေဖြင့် နေ့စဉ်စားသုံးနေရသည့် အရည်အသွေးမြင့်ဆန်များကို သက်သာသောနှုန်းထားဖြင့် ဝယ်ယူစားသုံးနိုင်ပြီး မီးဖိုချောင်စရိတ်ချွေတာနိုင်သည့်အပြင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် စားသုံးသူမိသားစုဝင်များအတွက် အာဟာရပြည့်ဝစွာ ချက်ပြုတ်ကျွေးမွေးနိုင်စေရန် ရည်မှန်းထားကြောင်း သိရသည်။

ဆောင်းဦး




# သရက်ချောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

သရက်ချောင်း ဩဂုတ် ၁



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ် နှစ်လသင်တန်းကို ဩဂုတ်လ ၁ ရက်တွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချမှုကို စနစ်တကျလေ့လာစေလိုကြောင်း၊ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ပြီး မိမိကျေးရွာအထောက်အကူပြုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကောင်းမြတ်ထက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်နှင့်အညီ အလုပ်အကိုင်အခွင့်အလမ်း၊ မိသားစုဝင်ငွေတိုးပွားလာစေခြင်းနှင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကိုလျော့ကျစေရန်၊ ကျေးလက်လူထု၏စွမ်းဆောင်ရည် တိုးတက်လာစေရန်၊ မြို့နယ်အတွင်းရှိ ကျေးလက်နေဒေသခံပြည်သူများ၊ အမျိုးသမီးများအတွက် စက်ချုပ်အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းတွင် အသုံးပြုမည့် အထောက်အကူပြုပစ္စည်းများကို သင်တန်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၁၂)

# မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်ကျန်းမာရေးဦးစီးဌာန မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ်လ ၁ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမဒေါ်ယဉ်နွယ်ဦးနှင့် ဆရာမများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ ဝက်သက်-ဂျိုက်သိုးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်ခြင်း၊ ဘီစီဂျီကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် (PCV) ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ပိုလီယိုအစက်ချကာကွယ်ဆေး၊ တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်ရောဂါနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးပေးကြသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို မြို့ပေါ်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ လစဉ်လဆန်း ၁ ရက်နှင့် ၂ ရက်တို့တွင် ထိုးနှံပေးလျက်ရှိပြီး ကျန်ရက်များတွင် ရပ်ကွက်နှင့်ကျေးရွာများရှိ ကျန်းမာရေးဌာနခွဲများ၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# ကျောင်းသား ကျောင်းသူများအား အွန်လိုင်းလိမ်လည်မှုမဖြစ်ပွားစေရေး အသိပညာပေး

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးနှင့် ကြိုတင်သတိထားဆောင်ရွက်ရမည့်နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေး ကျောင်းအခြေပြု အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၃၁ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြောက်ဥက္ကလာပမြို့နယ် ရဲစခန်းမှူး ဒုတိယရဲမှူး ထွန်းထွန်းဦးက အွန်လိုင်းအသုံးပြု၍ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ ငွေကြေးနှင့်အချက်အလက်များ လိမ်လည်လှည့်ဖြားရယူခြင်းများ၊ အွန်လိုင်းအသုံးပြု၍ လောင်းကစားမှု၊ လိမ်လည်မှုနှင့်ဆိုက်ဘာလုံခြုံရေးဆိုင်ရာများကို ကျောင်းသား၊ ကျောင်းသူများ သတိပြုဆင်ခြင်နိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်များအသုံးပြု၍ အွန်လိုင်းဘဏ်စနစ်ဖြင့် ငွေကြေးလိမ်လည်နေမှုဖြစ်စဉ်များ၊ ဖြစ်ပွားနေမှုများ၊ သတိထားရမည့်အချက်များ၊ အိမ်နီးချင်းနိုင်ငံများ၌ ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် အွန်လိုင်းလိမ်လည်မှုများကြောင့် ကျခံရမည့်ပြစ်ဒဏ်များ စသည်တို့ကို အသိပညာပေးဟောပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မြောက်ဥက္ကလာပမြို့နယ် ရဲစခန်းမှူး ဒုတိယရဲမှူး ထွန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူမြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက်အမှတ်(၉/၂၀၂၅)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် အမိန့်အမှတ်(၁၁/၂၀၂၅)ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆက်လက်ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများမြှင့်တင်ရေးနှင့်ကာကွယ်ရေးတို့ကိုဆောင်ရွက်ရန်အလို့ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၁)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်ကို နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများဖွဲ့စည်းမှုအသွင်သဏ္ဌာန်နှင့်လိုက်လျောညီထွေရှိစေရန်၊ ခိုင်မာစွာရေရှည်ရပ်တည်နိုင်စေရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြင့်ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့သည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် ပြည်သူများအား လူ့အခွင့်အရေးပညာပေးရေးနှင့်အသိပညာပြန့်ပွားရေး မြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်းမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များနှင့်လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ခြင်းစသည့် တာဝန်နှင့်လုပ်ငန်းများကို ရှေ့လုပ်ငန်းစဉ်မူဘောင် (The Framework of Action Plan) နှင့် နှစ်စဉ်လုပ်ငန်းစီမံချက်(Operational Plan)ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးနှင့်စပ်လျဉ်း၍ ပြည်သူများလူ့အခွင့်အရေးဆိုင်ရာ အသိအမြင်ဗဟုသုတရရှိစေရန် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ လူမှုအဖွဲ့အစည်းအသီးသီးအတွင်း လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ၄ ကြိမ်၌ တက်ရောက်သူ ၆၁၀ ဦးအားဟောပြောခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်ဝန်ကြီးဌာနများမှ ဖွင့်လှစ်သောသင်တန်းများတွင် လူ့အခွင့်အရေးသင်ခန်းစာပို့ချဆွေးနွေးမှု ၃၅ ကြိမ်၌ နိုင်ငံ့ဝန်ထမ်း သင်တန်းသား/ သူ ၂၈၆၈ ဦးတို့အား ပို့ချဆွေးနွေးခဲ့သည်။

၅။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက် ၁၅၉ စောင်ကိုလက်ခံရရှိခဲ့ရာ တိုင်တန်းစာစုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး ၂၉ ကြိမ်ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိရာ အကျဉ်းထောင် ၅ ခု၊ အချုပ်ထောင် ၁ ခု၊ အကျဉ်းစခန်း ၇ ခု၊ ရဲစခန်း အချုပ်ခန်း ၄ ခု၊ တရားရုံးအချုပ်ခန်း ၁ ခု၊ လူငယ်သင်တန်းကျောင်း ၂ ခုနှင့် ဘိုးဘွားရိပ်သာ ၄ ခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဌာနများသို့ အကြံပြုချက် ၁၇၉ ချက်ပေးပို့ခဲ့သည်။

၆။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကော်မရှင်၏ဥပဒေရေးရာဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့လာသော ဥပဒေ(မူကြမ်း)နှစ်ရပ်အပေါ် လူ့အခွင့်အရေးဆိုင်ရာ သဘောထားအကြံပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ပေးပို့ခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များအနက် Convention on the Elimination of All Forms of Discrimination against Women – CEDAW အစီရင်ခံစာနှင့် Convention on the Rights of the Child – CRC အကောင်အထည်ဖော်မှု နိုင်ငံအဆင့်အစီရင်ခံစာများ ပြုစုရာတွင် ပံ့ပိုးကူညီခြင်းတို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သော မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD)နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်(CEDAW-OP)တို့ကို ဘာသာပြန်ဆိုပုံနှိပ်ခဲ့သည်။

၇။ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်မှုအနေဖြင့် ကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်အစည်းအဝေး ၁ ကြိမ်၊ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်လုပ်ငန်းအဖွဲ့အစည်းအဝေး ၂ ကြိမ်၊ အဆင့်မြင့်အစည်းအဝေး ၁ ကြိမ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ နိုင်ငံတကာနှင့်ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများကကျင်းပသော လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစီအစဉ်များသို့ ၆ ကြိမ် ပါဝင်တက်ရောက်ခဲ့သည်။

၈။ ကော်မရှင်၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာများပြုစုခြင်းနှင့်သင့်လျော်သလို ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရန်တာဝန်ရှိသည့်အလျောက် ကော်မရှင်၏ဆောင်ရွက်ချက်သတင်းများကို ပြည်သူအများ သိရှိနိုင်စေရန် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများ၊ ကော်မရှင် Website နှင့် Myanmar National Portal တို့တွင် ဖော်ပြလျက်ရှိသည့်အပြင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်များကိုလည်း အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိသည်။

၉။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် နိုင်ငံသားတို့၏လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# (၄၁)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)မှကြီးမှူး၍ Myanmar Max Purified Drinking Water Co., Ltd. မှအဓိကကူညီပံ့ပိုးသော (၄၁)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်မှစတင်ကျင်းပရာ ယနေ့တတိယနေ့နှင့်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ရှိ ဒဂုံဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။




ဆုချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ Junior Golf Myanmar(JGM)မှအမှုဆောင်များ၊ ဒဂုံဂေါက်ကလပ်မှတာဝန်ရှိသူများ၊ အားကစားသမားများ၏မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအားကျင်းပရာ ပြိုင်ပွဲအားလက်ခံကျင်းပပေးသည့် ဒဂုံဂေါက်ကလပ်နှင့် ပြိုင်ပွဲအားအဓိကကူညီပံ့ပိုးပေးသည့် Myanmar Max Purified Drinking Water Co., Ltd. တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM)ဥက္ကဋ္ဌ ဦးမြင့်အောင်ကပေးအပ်ရာ ဒဂုံဂေါက်ကလပ်အထွေထွေမန်နေဂျာ ဦးသောင်းဝင်းနှင့် Myanmar Max Purified Drinking Water Co., Ltd. General Manager ဦးတင်မျိုးဇော်တို့က လက်ခံရယူကြသည်။

ထို့နောက် Junior Golf Myanmar(JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်က အသက် ၁၂ နှစ်အောက်(အမျိုးသား) သက်တမ်းတွင်စုစုပေါင်းရိုက်ချက်၃၃၄ ချက်ဖြင့် တတိယဆုရရှိသော ကျော်လင်းထွန်း၊ စုစုပေါင်းရိုက်ချက် ၃၀၅ ချက်ဖြင့် ဒုတိယဆုရရှိသော ငွေဖုန်းသိခ်နှင့် စုစုပေါင်းရိုက်ချက် ၂၉၉ ချက်ဖြင့် ပထမဆုရရှိသော ကောင်းခန့်ဇော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar(JGM) ဒုတိယဥက္ကဋ္ဌ ဦးအိုက်ပန်းက အသက် ၁၈ နှစ်အောက် (အမျိုးသမီး)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၃၂၂ ချက်ဖြင့် တတိယဆုရရှိသော နန်းမေမြတ်နိုးသူ၊ စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ဒုတိယဆုရရှိသော နန်းဆိုင်အွမ်ငင်းနှင့် စုစုပေါင်းရိုက်ချက် ၂၇၅ ချက်ဖြင့် ပထမဆုရရှိသော နှင်းရွှေရည်ဝင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်ဦးက အသက် ၁၄ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၅၇ ချက်ဖြင့် တတိယဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်းရိုက်ချက် ၂၅၀ ဖြင့် ဒုတိယဆုရရှိသော ကျော်သံလွင်ဟိန်းနှင့် စုစုပေါင်းရိုက်ချက် ၂၄၇ ချက်ဖြင့် ပထမဆုရရှိသော နိုင်ဦးကိုတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၅၀ ဖြင့် တတိယဆုရရှိသော အာကာမျိုးသန့်၊ စုစုပေါင်းရိုက်ချက် ၂၄၇ ချက်ဖြင့် ဒုတိယဆုရရှိသော ကောင်းထက်နှင့် စုစုပေါင်းရိုက်ချက် ၂၃၇ ချက်ဖြင့် ပထမဆုရရှိသော မင်းခန့်သော်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၀°C |
| ရန်ကုန် | ၂၆°C | / | ၃၄°C |
| မန္တလေး | ၂၇°C | / | ၃၄°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရေချိုးကြောက်သူများအတွက် လွယ်ကူသော အအေးမိကာကွယ်ဆေး

မိုးရာသီတွင် အအေးဓာတ်ကြောင့် တချို့က ရေချိုးရမည်ကိုကြောက်ကြသည်။ ရေမချိုးနိုင်သည့်ရက်ကြာသည့်အခါ အပူအောင်းပြီး နေမကောင်းဖြစ်တတ်သည်။ ခန္ဓာကိုယ်အတွင်းမှ အခိုးအငွေ့များ အပေါ်သို့တက်သဖြင့် မျက်စိများဝေခြင်း၊ မျက်ရည်ပူကျခြင်း၊ ခေါင်းအုံမူးဝေခြင်း၊ အာခေါင်၊ ပါးစပ်၊ သွားဖုံးများတွင် အပူကန်ခြင်း၊ ခံတွင်းမကောင်းခြင်း၊ ခံတွင်းနံ့နံခြင်းများ ဖြစ်လာတတ်သည်။

ရေချိုးမှားလျှင် အအေးမိပြီး ဖျားနာတတ်သည်မှာ မှန်သော်လည်း သတိတရားဖြင့်ဆင်ခြင်လျှင် မဖြစ်နိုင်ပေ။ ကြောက်၍ ရေမချိုးသည့်ရက်ကြာလျှင် အပူကန်ခြင်းပြဿနာအပြင် အခိုးငုပ်ခြင်းပြဿနာပါဝင်ရောက်လာနိုင်သည်။ အခိုးငုပ်ခြင်းကို ဥပမာပြရလျှင် ဆူနေသောရေနွေးအိုးအဖုံးကို ဖွင့်လိုက်သောအခါ ရေနွေးငွေ့များ ကန်ထွက်လာသည်ကိုတွေ့ရမည်။ ထိုရေနွေးငွေ့သည် ပြင်းထန်သောကန်အားရှိသဖြင့် ရထား၊ မီးသင်္ဘောများပင် သွားနိုင်သောစွမ်းအင်ရှိသည်။ ရေနွေးပူလောင်ခြင်းထက် ရေနွေးငွေ့လောင်ခြင်းက ပို၍ဆိုးသည်။ ဤမျှဆိုလျှင် ကိုယ်တွင်းငုပ်နေသော အပူအင်အားကို သိနိုင်ပြီဖြစ်သည်။

တချို့က ရေမချိုးဘဲ ရေဖတ်တိုက်လျှင် မဖြစ်ဘူးလားဟု မေးကြသည်။ နည်းလမ်းမမှန်လျှင် တစ်ခါတစ်ရံ ရေဖတ်တိုက်ခြင်းက ရေချိုးသည်ထက်ပင် ပို၍အအေးမိတတ်သည်။ ရေဖတ်တိုက်ပြီး လန်းဆန်းသွားသည်မှာ နွေရာသီတွင်ဖြစ်နိုင်သည်။ မိုးတွင်း၊ ဆောင်းတွင်း အေးနေသောအချိန်တွင် ရေဖတ်တိုက်ရန် အင်္ကျီချွတ်နေစဉ်မှာပင် အအေးပတ်နိုင်သဖြင့် အထူးသတိပြုရမည်။ ရေအေးလျှင် ရေနွေးရောပြီး ရေနွေးဖတ်တိုက်ခြင်းက ပို၍သင့်လျော်သည်။ ရေနွေးကြောင့် မွေးညင်းပေါက်တွင် ပိတ်ဆို့နေသော ကြေးညှော်များကင်းစင်ပြီး အခိုးပွင့်အောင် ပြုလုပ်ရမည်ဖြစ်သည်။ အအေးမပတ်အောင် အထူးသတိပြုပါ။ အအေးပတ်လျှင် လူကြီးများတွင် အနည်းဆုံးတွေ့ကြုံရသည်မှာ သွေးတိုးလာခြင်းဖြစ်သည်။ အအေးပတ်သွေးတိုးခြင်းသည် အစားမှားသွေးတိုးခြင်းထက်ပို၍ဆိုးသည်။ နှလုံးကြွက်သားညှစ်အားများပြီး သွေးကြောပေါက်သည်အထိ ဖြစ်တတ်သည်။

"အေးသောရာသီဥတုတွင် လူတိုင်းအတွက် အအေးမိကာကွယ်ရန် လွယ်ကူသောဆေးနည်းမှာ ရှောက်သီးတစ်လုံးကို ထက်ခြမ်းခွဲပြီးနောက် လေးစိတ်စိတ်လိုက်ပါ။ ထိုအထဲမှ တစ်စိတ်ကိုယူပြီး မတ်ခွက်ထဲထည့်ပါ။ ဆူပွက်ပြီးသော ရေနွေးအဖြူပူပူကို ခွက်တစ်ဝက်မျှ လောင်းထည့်ပါ။ ပြီးလျှင်. . ."

တချို့လူများသည် အစားမှားမှု၊ အင်န်စားမှု၊ ဆားစားမှု သွေးတိုးသည်ဟု ထင်နေကြသည်။ အအေးပတ်၍ သွေးတိုးခြင်းသည် ပို၍ဆိုးသည်ကို သတိပြုကြပါ။

ကိုယ်တွင်းမှအပူကို အရေပြားရှိ မွေးညင်းပေါက်များမှ အခိုးအငွေ့အဖြစ် နေ့စဉ်ထုတ်လွှတ်နေသည်။ ထိုမွေးညင်းပေါက်များ ကြေးညှော်ဖြင့် ပိတ်ဆို့မနေစေရန်၊ အခိုးပွင့်စေရန် နေ့စဉ်ရေချိုးခြင်း၊ ကြေးတွန်းခြင်း၊ ဆပ်ပြာတိုက်ခြင်းကို ပြုလုပ်ကြရသည်။ ထိုသို့ပြုလုပ်ခြင်းသည် ကျန်းမာရေးအတွက်ဖြစ်သည်။ လေထုထဲတွင် မိမိတို့မမြင်နိုင်သော ဖုန်နှင့်ဆီချေးပါသော အခိုးအငွေ့များသည် အမြဲပျံ့လွင့်နေပြီး မွေးညင်းပေါက်များသို့ လာရောက်ကပ်ငြိပိတ်ဆို့နိုင်သဖြင့် ရေချိုးရန်လိုအပ်သည်ကို သတိပြုရမည်ဖြစ်သည်။

လူငယ်များအတွက် ရေချိုးချိန်ကို သတ်မှတ်မထားသော်လည်း အသက်အရွယ်ကြီးသူများ၊ အိုမင်းသူများ အအေးမမိစေရန် ရေချိုးချိန်ကို သတိပြုသင့်သည်။ နေမထွက်သောအချိန်၊ နေမထွက်သောနေ့တွင် ရေမချိုးသင့်ပေ။ နေရောင်ခြည်တွင် တေဇောဓာတ်ပါလာသဖြင့် အပူဓာတ်ရရှိကာ လူသားများလည်း ကျန်းမာ၊ သစ်ပင်ပန်းမန်များလည်း ဖူးကြ၊ ပွင့်ကြ၊ သီးကြသည်ဟု နိယာမအဆိုရှိသည်။

ရှေးက မြန်မာဗိန္ဒောဆရာကြီးများ၏ လင်္ကာအဆိုအရ လူကြီးများ ရေချိုးသင့်သည့်နာရီမှာ နေထွက်ပြီး နွေကိုး၊ မိုး ၁၀၊ ဆောင်း ၁၁ ဟု အဆိုရှိသည်။ အဓိပ္ပာယ်မှာ လူကြီးများရေချိုးသင့်သည့်အချိန်မှာ နွေရာသီတွင် နံနက် ၉ နာရီ၊ မိုးရာသီတွင် နံနက် ၁၀ နာရီနှင့် ဆောင်းရာသီတွင် နံနက် ၁၁ နာရီဟုဆိုသည်။ အတိအကျမဟုတ်လျှင် ဝန်းကျင်ဟုဆိုနိုင်ပါသည်။ လူကြီးများ အအေးမိကာကွယ်စေရန် ဤနည်းကို လိုက်နာသင့်သည်။

အေးသောရာသီဥတုတွင် လူတိုင်းအတွက် အအေးမိကာကွယ်ရန် လွယ်ကူသောဆေးနည်းမှာ ရှောက်သီးတစ်လုံးကို ထက်ခြမ်းခွဲပြီးနောက် လေးစိတ်စိတ်လိုက်ပါ။ ထိုအထဲမှ တစ်စိတ်ကိုယူပြီး မတ်ခွက်ထဲထည့်ပါ။ ဆူပွက်ပြီးသော ရေနွေးအဖြူပူပူကို ခွက်တစ်ဝက်မျှ လောင်းထည့်ပါ။ ပြီးလျှင် အုပ်ထားပါ။ ထို့နောက် ရေချိုးပါ။ ရေချိုးလျှင် အချိန် ၁၅ မိနစ်ခန့်နှင့် အပြီးချိုးပါ။ အချိန်အကြာကြီးမချိုးပါနှင့်။ ရေချိုးပြီး အဝတ်အစားလဲပြီးသောအခါ နာရီဝက်ခန့်ကြာပြီးချိန်တွင် ရှောက်သီးအခွံပါစိမ်ထားသော မတ်ခွက်ထဲမှ ရေနွေးမှာ သိပ်မပူတော့။ သောက်ရန်အနေတော်ဖြစ်ပါသည်။ ရှောက်သီးခွံမှ အနံ့သင်းသင်းထွက်နေသော ရေနွေးကို မတ်ခွက်တစ်ဝက်မျှ ကုန်အောင်သောက်ပါ။ မွှန်သောအနံ့၊ ခါးသက်သောအရသာနှင့် အနည်းငယ်ချဉ်သောအရသာ သုံးမျိုးရပါလိမ့်မည်။ အဆိုပါဆေးနည်းသည် အအေးမိခြင်းကို ထိရောက်စွာကာကွယ်နိုင်သော ရေချိုးခံဆေးနည်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကြည်လွှင်မြင့်(မုဒြာ)

## ကျောင်းအခြေပြု အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဒေးဒရဲ ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေး၊ အစားအစာဘေးအန္တရာယ်ကင်းဝေးရေးနှင့် ရောဂါကာကွယ်နိုင်ရေးရည်ရွယ်၍ ကျောင်းအခြေပြု ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများကို ဇူလိုင်လ ၃၁ ရက်က နောက်ပြန်ဒိုးဝကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကျောင်းအခြေပြုကျန်းမာရေးလုပ်ငန်းများဖြစ်သည့် ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို မျှတစွာစားသုံးရေး၊ သန့်လေးသန့်ဖြစ်သော အစာသန့်၊ လက်သန့်၊ ရေသန့်၊ အိမ်သာသန့်အပါအဝင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းကျန်းမာရေးမှတ်တမ်းကတ်များအသုံးပြု၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးစစ်ဆေးခြင်း၊ မုန့်ဈေးတန်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများရောင်းချနိုင်ရေး စစ်ဆေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေဇာလင်း**

## ရိုးမရိပ်သာအိမ်ရာ၌ အခန်းဝယ်ယူခွင့်မဲပေါက်ထားသူများအား အခန်းဝယ်ယူခွင့်အကြောင်းကြားစာများထုတ်ပေးမည်




ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ရောင်းချသည့် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရိုးမရိပ်သာအိမ်ရာ၌ အခန်းဝယ်ယူခွင့်မဲပေါက်ထားသူများအား အခန်းဝယ်ယူခွင့်အကြောင်းကြားစာများ ထုတ်ပေးမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အခန်းဝယ်ယူခွင့်အနေဖြင့် အဆောက်အအုံအမျိုးအစား ရှစ်ခန်းတွဲ လေးထပ်တိုက်အမှတ် (၁၉၊ ၂၀၊ ၂၂၊ ၂၄) ကို ဩဂုတ်လ ၁၂ ရက်နှင့် ၁၃ ရက်၊ အဆောက်အအုံအမျိုးအစား ၁၂ ခန်းတွဲ လေးထပ်တိုက်အမှတ် (၃၈၊ ၃၉၊ ၄၀) ကို ဩဂုတ်လ ၁၂ ရက်၊ တိုက်အမှတ် (၄၁၊ ၄၄၊ ၄၅၊ ၄၉၊ ၅၀) ကို ဩဂုတ်လ ၁၄ ရက်၊ တိုက်အမှတ် (၄၆၊ ၄၇) ကို ဩဂုတ်လ ၁၄ ရက်၊ အဆောက်အအုံအမျိုးအစား ခြောက်ခန်းတွဲ လေးထပ် တိုက်အမှတ် (၅၆၊ ၅၇၊ ၅၈၊ ၅၉) ကို ဩဂုတ်လ ၁၂ ရက်၊ တိုက်အမှတ် (၆၀၊ ၆၁၊ ၆၂၊ ၆၄)ကို ဩဂုတ်လ ၁၃ ရက်၊ တိုက်အမှတ် (၆၅၊ ၆၆၊ ၆၇) ကို ဩဂုတ်လ ၁၄ ရက်တို့တွင် အကြောင်းကြားစာထုတ်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်ပေးခြင်းကို မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန အမှတ် (၂၂၈/၂၃၄) City Gallery မြေညီထပ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၌ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အခန်းဝယ်ယူခွင့်အကြောင်းကြားစာကို ကိုယ်တိုင်ထုတ်ယူမည်ဆိုပါက နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတစ်စုံပါရှိရမည်ဖြစ်ပြီး ကိုယ်စားထုတ်ယူမည်ဆိုပါက အခန်းဝယ်ယူခွင့်ရရှိသူ၏ ကိုယ်စားလှယ်လွှဲစာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတစ်စုံနှင့် အတူ ကိုယ်စားလာရောက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတစ်စုံပါရှိရမည်ဖြစ်သည်။

အဆိုပါသတ်မှတ်ရက်တွင် အကြောင်းအမျိုးမျိုးကြောင့် အခန်းဝယ်ယူခွင့်အကြောင်းကြားစာထုတ်ယူနိုင်ခြင်းမရှိပါက ဩဂုတ်လ ၂၅ ရက်နောက်ဆုံးထား၍ လာရောက်ထုတ်ယူရန်နှင့် ထုတ်ယူခြင်းမပြုပါက အခန်းဝယ်ယူခွင့်ပယ်ဖျက်မည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်တင်**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုများရရှိရန် မြန်မာနိုင်ငံမှ နဂါးလှေလှော် အားကစားအသင်း လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဩဂုတ် ၁

တရုတ်နိုင်ငံ ချန်ဒူးမြို့၌ ဩဂုတ်လ ၇ ရက်မှ ၁၇ ရက်အထိကျင်းပမည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နဂါးလှေလှော်အားကစားအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုများရရှိရန် ရန်ကုန်မြို့၌ လေ့ကျင့်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ သိရသည်။

"ကမ္ဘာ့အားကစားပြိုင်ပွဲမှာ မြန်မာနိုင်ငံက နဂါးလှေလှော်အသင်း ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ တရုတ်နဲ့ဖိလစ်ပိုင်နိုင်ငံတို့မှာ လက်ရည်စစ်ပြိုင်ပွဲတွေ သွားရောက်ယှဉ်ပြိုင်ရပါတယ်။ သွားရောက်ယှဉ်ပြိုင်ရာမှာလည်း တတိယအဆင့်ကိုဝင်တဲ့အတွက် ၂၀၂၅ ခုနှစ် ကမ္ဘာ့အားကစားပြိုင်ပွဲမှာ ယှဉ်ပြိုင်ခွင့်ရတာပါ။ အားကစားသမားတွေက နေ့စဉ် နံနက် ၅ နာရီကနေ စတင်ပြီး လေ့ကျင့်မှုတွေပြုလုပ်ပါတယ်။ အခုသွားရောက်ယှဉ်ပြိုင်မှာ ပထမအကြိမ်ပါ။ မြန်မာနိုင်ငံ နဂါးလှေလှော်အားကစားအသင်းအနေနဲ့ ရွှေတံဆိပ်ဆုတွေရရှိမယ်လို့လည်း မျှော်မှန်းထားပါတယ်" ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ နဂါးလှေလှော်အားကစားနည်းပြ ဦးသိန်းဝင်းကပြောသည်။



မြန်မာနိုင်ငံ နဂါးလှေလှော်အသင်း၌ အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်းအားကစားသမား ၁၂ ဦးဖြင့် အမျိုးသား+အမျိုးသမီး ၁၀ တက်လှော် မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ ပြိုင်ပွဲ၊ Open ရှစ်တက်လှော် မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ နဂါးလှေလှော်ပြိုင်ပွဲတွင် တရုတ်၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ကမ္ဘောဒီးယား၊ ယူကရိန်း၊ ဟန်ဂေရီ၊ စပိန်၊ ချက်နိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံ နဂါးလှေလှော်အသင်းအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုများရရှိရန် လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**လင်းခန့်**

# မြိတ်တက္ကသိုလ်၏ အခြေခံရေကူးသင်တန်းဆင်းပွဲနှင့် ဘာသာရပ်ပေါင်းစုံရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



မြိတ် ဩဂုတ် ၁

မြိတ်တက္ကသိုလ်၏ အခြေခံရေကူးသင်တန်းဆင်းပွဲနှင့် ဘာသာရပ်ပေါင်းစုံရေကူးပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇူလိုင်လ ၃၁ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ချောင်းကူးငယ်ရပ်ရှိ Power Point Amusement Park ရေကူးကန်၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်က အမှာစကားပြောကြားပြီး အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ ရေကူးပြိုင်ပွဲကျင်းပကာ အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခဌာနမှူး ဒေါက်တာချယ်ရီအောင်က ဒိုင်လူကြီးနှင့်တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းနှင့်လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ အမျိုးသမီး မီတာ ၅၀ လက်ပစ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသော သင်္ချာအထူးပြု တတိယနှစ်ကျောင်းသူ မမျိုးမျိုးအေး၊ ဒုတိယဆုရရှိသော သတ္တဗေဒအထူးပြု ဒုတိယနှစ်ဂုဏ်ထူးတန်းကျောင်းသူ မသီရိချို့နွယ်၊ တတိယဆုရရှိသော အဏ္ဏဝါသိပ္ပံအထူးပြု စတုတ္ထနှစ်ကျောင်းသူ မခြူးငယ်ငယ်နှင့် အမျိုးသား မီတာ ၅၀ လက်ပစ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသော အဏ္ဏဝါသိပ္ပံအထူးပြု ပထမနှစ်ကျောင်းသား မောင်ဥက္ကာအောင်၊ ဒုတိယဆုရရှိသော ဘူမိဗေဒအထူးပြု စတုတ္ထနှစ်ကျောင်းသား မောင်သတ္တိစျာန်၊ တတိယဆုရရှိသော ဒဿနိကဗေဒအထူးပြု တတိယနှစ်ကျောင်းသားမောင်နိုင်ကိုလွင်တို့အား ရူပဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာသူဇာအောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အမျိုးသား မီတာ ၁၀၀ လက်ပစ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသော ဒဿနိကဗေဒအထူးပြု တတိယနှစ်ကျောင်းသား မောင်နိုင်ကိုလွင်၊ ဒုတိယဆုရရှိသော ဘူမိဗေဒအထူးပြု စတုတ္ထနှစ်ကျောင်းသား မောင်သတ္တိစျာန်၊ တတိယဆုရရှိသော သတ္တဗေဒအထူးပြု ဒုတိယနှစ်ကျောင်းသား မောင်ဇော်နိုင်အောင်တို့အား မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် အခြေခံရေကူးသင်တန်းဆင်းလက်မှတ်များကို ရေကူးအားကစားဆပ်ကော်မတီဥက္ကဋ္ဌ အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခဌာနမှူး ဒေါက်တာချယ်ရီအောင်ကပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

မြိတ်တက္ကသိုလ်၏ ရေကူးပြိုင်ပွဲသို့ ဘာသာရပ်ပေါင်းစုံမှရေကူးအားကစားသမား ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ်(၂၄)ကို ဩဂုတ်လ ၁ ရက်တွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က အဖွင့်အမှာစကားများပြောကြားကြသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းတို့က ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာများကို သင်ကြားပို့ချပေးကြသည်။

သင်တန်းသို့ ရွှေဆိုင်ပိုင်ရှင်များ၊ ရွှေကုန်သည်များ၊ ရွှေပန်းထိမ်ပညာရှင်များ၊ ရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ၊ ရွှေချွတ်လုပ်ငန်းရှင်များနှင့် ရွှေအကြောင်းစိတ်ပါဝင်စားသူ ၁၂၀ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

**လင်းခန့်**

# ရွှေတောင်မြို့၌ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ အသိပညာပေးဟောပြော

ရွှေတောင် ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှဦးစီး၍ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၃၁ ရက်က ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြအေးက ထပ်ဆင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မို့မို့အေးက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့်ပတ်သက်ပြီး သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ဟောပြောပွဲကျင်းပခြင်းဖြစ်ကြောင်းပြောကြားပြီး သက်ကြီးရွယ်အိုဘိုးဘွားများ၏ လူမှုရေးပင်စင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မိမိတို့၏ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိဘိုးဘွားများ၏ ရပိုင်ခွင့်များ နစ်နာဆုံးရှုံးမှုမရှိစေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးနိုင်ရေးတို့ကို အကျယ်တဝင့် အသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ပြည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကာ ဆရာဝန်၊ သူနာပြုများအား ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# လူမှုဖူလုံရေးအဖွဲ့တွင်တာဝန်ထမ်းဆောင်မည့် ဆရာဝန်များအား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တွေ့ဆုံအမှာစကားပြောကြား



နေပြည်တော် ဩဂုတ် ၁

ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အတွက် ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် ဆရာဝန်(သစ်လွင်)များကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကား ပြောကြားသည့်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ယာယီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး (ရန်ကုန်၊ မန္တလေး)တို့တွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များနှင့် ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အတွက် ဆရာဝန်(သစ်လွင်) ၁၄ ဦး ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်နှင့် မန္တလေးတို့ရှိ အလုပ်သမားဆေးရုံကြီး၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း၊ ဌာနကြီးဆေးခန်း၊ တိုင်းရင်းဆေးကုခန်း၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့်စာချုပ်ဆေးခန်း၊ သားဖွားခန်းနှင့် ရွေ့လျားဆေးကုသယာဉ်များအပြင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ (မန္တလေး)တို့၌ ကျောက်ကပ်သန့်စင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆရာဝန်(သစ်လွင်)များအနေဖြင့် အလုပ်သမားဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့်လက်တွဲ၍ ဆေးကုသမှုဆိုင်ရာအတွေ့အကြုံများအား လုပ်ငန်းခွင်လက်တွေ့လေ့လာသင်ယူကြရန်နှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ နွေးထွေးပျူငှာစွာ စေတနာထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး(ရန်ကုန်၊ မန္တလေး)တို့တွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်းသိရသည်။

**မြဝတီ**

# ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်လျက်ရှိသည့် ဘာရှာအဆောက်အအုံများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့် တွေ့ဆုံသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဝန်ကြီးဌာနဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဌာနအလိုက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခု ဖြစ်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး အများပါဝင်မှုရှိသော တာဝန်သိခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရေး မျှော်မှန်းပြီး ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် ဝန်ကြီးဌာနရုံးအနီးတွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံများ၌ နေထိုင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်မိသားစုဝင်များ လိုင်းစည်းကမ်းနှင့်စည်းစနစ်တကျနေထိုင်ကြရေး၊ ဌာနတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းမိသားစုများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး မှာကြားကြောင်းသိရသည်။

**မြဝတီ**

# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်



နေပြည်တော် ဩဂုတ် ၁

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် Naypyitaw State Polytechnic University ၌ ကျင်းပရာ နေပြည်တော်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ စာပေပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း စာအုပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာပေဆိုင်ရာဆွေးနွေးပွဲနှင့် စကားရည်လုပြိုင်ပွဲများ ကျင်းပနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး Naypyitaw State Polytechnic University ပါမောက္ခချုပ်ထံ စာအုပ်စာစောင်များနှင့် ချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းရာ အလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးမှု၊ စာပေပညာရှင် ဦးခင်မောင်ကျော်(ရဲမွန်ကျော်)၏ စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမှု၊ Naypyitaw State Polytechnic University မှကျောင်းသား၊ ကျောင်းသူများ၏ ကျပန်းစကားပြောပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်တက်ရောက်၍ အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ယမန်နေ့ကလည်း နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိ ရေလှောင်တမံသို့ သွားရောက်၍ တမံပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ အရေးပေါ်ရေပိုလွှဲ တူးဖော်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၂၅ (စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၃။ ၀၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ
၄။ ၁၀:၁၀ နိုင်ငံတကာသတင်း
၅။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၆။ ၁၀:၄၅ လူသားတို့နှင့်ဆိုက်ဘာအန္တရာယ်
၇။ ၁၂:၃၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၈။ ၁၄:၀၀ ကျန်းမာသုတ
၉။ ၁၅:၀၀ ဓာတ်လမ်းတို
၁၀။ ၁၉:၀၀ **CGTN Nature အပိုင်း(၉)**
၁၁။ Sharing Knowledge
၁၂။ မျှဝေဆွေးနွေးအနာဂတ်အရေး
၁၃။ မေးမြန်းစူးစမ်း

**ည ၈ နာရီ သတင်း အပြီး**

## MWD VarietyChannel

၂-၈-၂၀၂၅ (စနေနေ့)

၁။ ၁၁:၄၃ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများ မြှင့်တင်စို့
၂။ ၁၄:၂၉ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
၃။ ၁၆:၁၈ ရှင်သန်ရာအနုပညာ
၄။ ၁၇:၄၇ စကားလက်ဆုံ

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဆိုတာ

**မောင်အောင်**

ကျွန်တော့်အစ်ကိုကြီးက နယ်မှာနေသူဖြစ်သည်။ သူ့ဇာတိ ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာမှာနေသည်။ အသက် ၈၀ ကျော်ပြီ။ ၁၀ တန်းအဆင့်ထိ ကျောင်းနေခဲ့ဖူးသူဖြစ်၍ အရာရာကိုစူးစမ်းလေ့လာသည်။ သတင်းစာဖတ်သည်။ တီဗွီကြည့်သည်။ သူသိချင်တာဆိုလျှင် ကျွန်တော့်ကိုဖုန်းဆက်၍ မေးလေ့ရှိသည်။

"အေးကွာ ငါသိချင်တာက ဟိုးတစ်နေ့က မင်းတို့ အစည်းအဝေးလုပ်နေတဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအကြောင်းပဲ။ အခု တို့ရွာကလယ်သမားတွေထဲမှာ အတော်လေးအပြောများနေကြပြီး အများစုကလည်း နိုင်ငံတော်အစိုးရကိုအတော်လေး ကျေးဇူးတင်နေကြတယ်။ အဲဒီနိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေက ဘယ်တုံးကစပြီးပေါ်လာတာလဲ။ ဘယ်လိုစပြီးလုပ်ပေးတာလဲဆိုတာ မင်းသိသလောက်ပြောပြစမ်းပါဦး"

အစ်ကိုကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အကြောင်းကိုမေးလာသည်။ ကျွန်တော်ကလည်း ပြောချင်နေသည်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံ၏ လူများစုဖြစ်သည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသည့်အစီအစဉ်ဖြစ်သဖြင့် တောင်သူလယ်သမား အများစုကိုသိစေချင်သည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၏အသီးအပွင့်ကို တောင်သူလယ်သမား အများစုရရှိခံစားစေချင်သည်။

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ၂၀၂၂ ခုနှစ်က စခဲ့တာအစ်ကိုကြီးရ။ အဲဒီနှစ် ၈ လပိုင်းလောက်မှာ နိုင်ငံတော်အကြီးအကဲက ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးရယ်၊ ဒုတိယဝန်ကြီးရယ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရယ်ခေါ်တွေ့ပြီးတော့ နိုင်ငံတော်အနေနဲ့ ငွေကျပ်ဘီလီယံ ၅၀၀ ခန့်ကို တောင်သူလယ်သမားတွေ၊ မွေးမြူရေးသမားတွေအတွက် ကူညီထောက်ပံ့ပေးချင်ကြောင်း၊ ငွေသားမပေးဘဲ လယ်သမားဆိုရင် မျိုးစေ့နဲ့ဓာတ်မြေဩဇာအပါအဝင် သွင်းအားစုတွေ ပေးချင်ကြောင်း၊ ငွေသားမပေးဘဲ ပစ္စည်းကိုပဲပေးချင်ကြောင်း၊ သီးနှံထွက်လာရင်လည်း သွင်းအားစုပေးတဲ့အဖွဲ့နဲ့ နောက်တစ်ဖွဲ့က ဝယ်ယူကြိတ်ခွဲ၊ ရောင်းချရေးအဖွဲ့က ယူထားတဲ့သွင်းအားစုဖိုးကို ကိုယ့်လယ်ကထွက်တဲ့သီးနှံနဲ့ပြန်သွင်းပြီး ပိုလျှံတဲ့သီးနှံကိုတော့ တောင်သူကစိတ်ကြိုက်ရောင်းချဖို့ပါပဲ။ သီးနှံပေါ်ချိန်မှာတော့ ဈေးနှုန်းသတ်မှတ်ပြီး အဲဒီဈေးနှုန်းနဲ့ပေးသွင်းဖို့ပါပဲ။

မွေးမြူရေးသမားအတွက်လည်း ဒီလိုပါပဲ။ မွေးချင်တဲ့ အသားတိုးကြက်၊ အသားတိုးဝက်၊ အသားစားဘဲတွေကို မျိုးပေးတဲ့ကုမ္ပဏီက မျိုးပေး၊ အစာပေးတဲ့ကုမ္ပဏီ၊ ဆေးဝါးပေးတဲ့ကုမ္ပဏီက အစာ၊ ဆေးဝါးပေး။ အချိန်တန်လို့ထုတ်ရောင်းတော့မယ်ဆိုရင် ဝယ်တဲ့အဖွဲ့က ဒေသပေါက်ဈေးနဲ့ ဝယ်ပေးဖို့ပါပဲ။ အဲဒီလိုလုပ်ဖို့ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပေးပါတယ်။ အဲဒီပစ္စည်းယူတဲ့တန်ဖိုးငွေ ၁၀၀ ကျပ်ကို တစ်နှစ်တစ်ကျပ်ထက် မပိုတဲ့အတိုးနှုန်းနဲ့ပေးဖို့ အသေးစိတ်စီမံချက် ကျွန်တော်တို့ကို ရေးဆွဲခိုင်းတယ်။ တစ်ပတ်အချိန်ပေးပြီး နောက်တစ်ပတ်မှာ လယ်သမားတွေကိုပေးမယ့်အစီအစဉ်တစ်ခါတည်း တင်ပြပြီး ငွေကိုလည်းတစ်ခါတည်းပေးမယ်ပြောပါတယ်။

အဲဒါနဲ့ ကျွန်တော်တို့လည်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တွေကိုခေါ်ပြီး နိုင်ငံတော်အကြီးအကဲရဲ့စေတနာနဲ့ တောင်သူလယ်သမားတွေရဲ့လိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ဖို့ ငွေပေးငွေယူစည်းမျဉ်းစည်းကမ်းတွေ၊ စိုက်ပျိုးသီးနှံအတွက် မျိုးအပါအဝင် သွင်းအားစုလိုအပ်ချက်တွေ၊ စပါး၊ ပဲတီစိမ်း၊ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာတွေအတွက် သီးနှံတစ်မျိုးချင်း ကုန်ကျစရိတ်တွေတွက်ချက်ရတယ်။ နောက်ပြီး အရေးကြီးတာက စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီတွေ ဖွဲ့စည်းဖို့ပဲ။ ဗဟိုအဆင့်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကော်မတီတွေဖွဲ့စည်းဖို့ ဖွဲ့စည်းပုံဆွဲရတယ်။ လုပ်ငန်းတာဝန်တွေ အသေးစိတ်ရေးဆွဲရတယ်။ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ ရေးဆွဲရတယ်။



**ပဲခူးတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် နွေစပါးနှင့် ပဲတီစိမ်းစီမံကိန်းမှ တောင်သူနှင့်စာချုပ်ချုပ်ဆိုခြင်း။**

ပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်က တောင်သူလယ်သမားတွေကို ငွေသားတိုက်ရိုက်ပေးလိုက်ရင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှာမသုံးဘဲ တခြားနေရာရောက်သွားမှာစိုးတာကြောင့် စပါးစိုက်ချင်တဲ့တောင်သူဆိုရင် မျိုးစပါးပေးမယ်၊ မြေဩဇာပေးမယ်၊ ပိုးသတ်ဆေးလိုရင် ပိုးသတ်ဆေးပေးမယ်။ ဒီနေရာမှာ အကြီးအကဲလမ်းညွှန်တာက တောင်သူလိုချင်တဲ့ အမျိုးအစားနဲ့အမှတ်တံဆိပ်ကိုပေးဖို့ပဲ။ ကိုယ်ပေးချင်တာပေးပြီး ယူချင်ယူမယူချင်နေလုပ်လို့မရဘူး။ မွေးမြူရေးဆိုရင်လည်း အတူတူပဲ။ မွေးမြူရေးသမားလိုချင်တဲ့ အသားတိုးဝက်မျိုး၊ အသားတိုးကြက်မျိုး သူတို့လိုချင်တဲ့မျိုးကို သူတို့လိုချင်တဲ့ ကုမ္ပဏီကနေ ချိတ်ဆက်ပေးရမှာ။

နောက်တစ်ပတ်မှာ နိုင်ငံတော်အကြီးအကဲနဲ့ ထပ်မံတွေ့ဆုံရပြီး ယခင်အဖွဲ့ဝင်များအပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးပါ ထပ်တိုးလာတယ်။ ဝန်ကြီးသုံးဦးနဲ့ ဒုတိယဝန်ကြီးတစ်ဦးပေါ့။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ငွေချေးပေးမယ့် အစီအစဉ်ကိုရှင်းလင်းတင်ပြတော့ နိုင်ငံတော်အကြီးအကဲက လိုအပ်တာတွေကို ဖြည့်စွက်ညွှန်ကြားပြီး သီးနှံအလိုက် တစ်ဧကစိုက်ရင် မျိုးဖိုးနှင့်သွင်းအားစုဖိုးတွေ ဘယ်လောက်လိုမလဲမေးတယ်။ အဲဒီတုန်းက ၂၀၂၂ ခုနှစ် ဩဂုတ်လဖြစ်တာကြောင့် နွေစပါးစိုက်ရင် စပါးမျိုးဖိုး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအပါအဝင် တစ်ဧကကို နှစ်သိန်းလိုမယ်။ ပဲတီစိမ်းစိုက်ရင် မျိုးဖိုးအပါအဝင် သွင်းအားစုဖိုး ငွေကျပ်တစ်သိန်းနှစ်သောင်းလိုမယ်လို့ ကျွန်တော်တို့ တင်ပြခဲ့ကြတယ်။ အဲဒီအတွက်ကြောင့် နွေစပါးဧက ၈၅၀၀၀၀ အတွက် ငွေကျပ် ၁၇၀ ဘီလီယံနဲ့ ပဲတီစိမ်းတစ်ဧကကို တစ်သိန်းနှစ်သောင်းနှုန်းနဲ့ ပဲတီစိမ်းဧက ၅ သိန်းအတွက် ငွေကျပ် ၆၀ ဘီလီယံ စုစုပေါင်းဘီလီယံ ၂၃၀ ကျွန်တော်တို့ကို ခွင့်ပြုချထားပေးခဲ့တယ်။

ဝက်မွေးမြူရေးကတော့ တစ်ယူနစ်ကို ကောင်ရေ ၁၀၀ သတ်မှတ်တယ်။ အဲဒီတုန်းက ဝက်သားခွဲတစ်ကောင်ကို နှစ်သိန်းလောက်ဈေးရှိပြီး ဈေးထုတ်ရောင်းတဲ့အချိန်ထိ ဝက်တစ်ကောင်မွေးမယ်ဆိုရင် အစာဖိုးအပါအဝင် ၇ သိန်းလောက် ကုန်တယ်။ အဲဒါကြောင့် ဝက်အကောင် ၁၀၀ မွေးရင် သိန်း ၇၀၀ ကုန်မယ်။ အဲဒါကြောင့် ဝက်တစ်ယူနစ်မွေးမယ်ဆိုရင် ကုန်ကျစရိတ်ရဲ့တစ်ဝက်ဖြစ်တဲ့ သိန်း ၃၅၀ ချေးပေးဖို့ ကျွန်တော်တို့တင်ပြခဲ့ပါတယ်။ အဲဒီလိုပဲ အသားစားကြက်အကောင် ၃၀၀၀၊ အသားစားဘဲအကောင် ၃၀၀၀ ကို တစ်ယူနစ်သတ်မှတ်ပြီး အသားစားကြက်က ရက် ၄၀ မှ ၄၂ ရက်မွေးရင် ကြက်အကောင် ၃၀၀၀ ကို သိန်း ၃၀၀ လောက်ကုန်တယ်။ အဲဒါကြောင့် အသားစားကြက်၊ အသားစားဘဲမွေးမယ်ဆိုရင် အကောင် ၃၀၀၀ တစ်ယူနစ်ကို သိန်း ၁၅၀ ချေးပေးဖို့ ကျွန်တော်တို့တင်ပြခဲ့ပါတယ်"

"အေး ချေးပေးတဲ့ ချေးငွေကတော့ ဟုတ်ပါပြီ။ ဘယ်အချိန်ပြန်ဆပ်ရမယ်ဆိုတာ မင်းတို့ဘယ်လိုသတ်မှတ်ထားသလဲ။ ဘယ်လိုတင်ပြခဲ့သလဲ။ နောက်တစ်ခုက အချိန်တန်လို့ ပြန်မဆပ်နိုင်ရင်ရော ဘယ်လိုအရေးယူဆောင်ရွက်ဖို့ စီမံထားသလဲ"

အစ်ကိုကြီးက အချက်အလက်များကို အသေးစိတ်နားစိုက်နေရာမှ စိတ်ဝင်တစားမေးသည်။

"အစ်ကိုကြီးမေးတာ တကယ်အရေးကြီးတဲ့အချက်ပဲ။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက အရင်းမပျောက်မတည်ငွေဖြစ်ပါတယ်။ ပျောက်ပျက်လို့မရပါဘူး။ ပြီးတော့ နှစ်ချင်းချေးငွေဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာ နွေစပါးဖြစ်ဖြစ်၊ ပဲတီစိမ်းဖြစ်ဖြစ် တစ်ကြိမ်ပြည့်ရင် မပြည့်မီပြန်ဆပ်ရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ မွေးမြူရေးမှာလည်း ဝက်မွေးမွေး၊ အသားတိုးကြက်၊ အသားစားဘဲမွေးမွေး တစ်နှစ်အတွင်း ပြန်ဆပ်ရပါမယ်။ ဝက်ကတော့ သားခွဲဝယ်ပြီးမွေးရင် ခြောက်လ၊ ခုနစ်လဆိုရင် ရောင်းလို့ရပြီ။ ရောင်းပြီးပြန်ဆပ် ဒါမှမဟုတ် နောက်တစ်သားဆက်ပြီး မွေးလို့ရပါတယ်။ အသားစားကြက်၊ အသားစားဘဲကတော့ ရက်သားကြက်ဝယ်ပြီးမွေးရင် ၄၂ ရက်လောက်ဆိုရင် တစ်ပိဿာနှစ်ဆယ်၊ တစ်ပိဿာသုံးဆယ်လောက်ဖြစ်လာမယ်။ ၄၇ ရက်မှ ၄၈ ရက်ဆိုရင် တစ်ပိဿာငါးဆယ်၊ ခြောက်ဆယ်လောက်ဖြစ်လာမယ်။ မွေးတဲ့လူက ဈေးကွက်အပေါ်မူတည်ပြီး ထုတ်ရောင်းမယ်။ ပြီးတော့ နောက်တစ်သုတ်ပြန်ပြီးမွေးမယ်ဆိုရင် တစ်နှစ်ကို လေးသုတ်၊ ငါးသုတ်လောက်မွေးလို့ရမယ်။ ဈေးကွက်အပေါ်မူတည်ပြီး တစ်သုတ်ကို သိန်း ၁၀၀ ကတော့ အနည်းဆုံးမြတ်တယ်။ အဲဒါကြောင့် သေချာစီမံချက်ချပြီး စနစ်တကျမွေးမယ်ဆိုရင် ကြက်မွေးမြူရေးသမားလည်း အထင်သေးလို့မရဘူး။ တစ်နှစ်ကို သိန်းလေးငါးရာဆိုတာ အေးအေးလေးရနိုင်တဲ့လုပ်ငန်းပါပဲ"

"အေးကွာ မင်းပြောတော့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက တို့စိုက်ပျိုးမွေးမြူရေးသမား၊ အခြေခံလူတန်းစားတွေရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ လူမှုစီးပွားရေးဘဝတိုးတက်ဖွံ့ဖြိုးဖို့ တကယ့်အထောက်အပံ့ကောင်းပါ။ ဒါ့ကြောင့် တို့ရွာက လယ်သမားတွေ၊ မွေးမြူရေးသမားတွေ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေရချင်ကြတာကိုး"

အစ်ကိုကြီးက တွေးတွေးဆဆ မှတ်ချက်ချလိုက်သည်။

"အစ်ကိုကြီးတွေးတာမှန်ပါတယ် အစ်ကိုကြီး။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစပြီးချေးပေးတော့ အတိုးနှုန်းနည်းလွန်းလို့ စိုက်ပျိုးမွေးမြူရေးသမားတွေက မဝံ့မရဲဖြစ်နေကြတယ်။ နောက်ပြီး ကျွန်တော်တို့ ငွေချေးပေးတဲ့အချိန်ကလည်း ဧရာဝတီတိုင်းတို့၊ ရန်ကုန်တိုင်းတို့ဆိုရင် အတော်များများက စိုက်ပြီးဖြစ်နေကြတာကြောင့် မယူကြတော့ဘူး။ အဲဒါကြောင့် အဲဒီပထမဆုံးချေးငွေအသုတ်မှာ ပဲတီစိမ်းအတွက် ချေးငွေဘီလီယံ ၆၀ မှာ ၄၀ ဒသမ၂၉၅ ဘီလီယံပဲ ချေးယူကြတယ်။ နွေစပါးအတွက်လည်း ၁၇၀ ဘီလီယံချေးပေးဖို့ နိုင်ငံတော်ကထုတ်ပေးရာမှာ ၁၃၈ ဒသမ ၈၈ ဘီလီယံပဲ ထုတ်ချေးကြပါတယ်"

"အေး ကောင်းတာပေါ့ကွာ။ တို့လယ်သမားတွေအတွက် ငွေကြေးအရင်းအနှီးက အရေးကြီးဆုံးပဲဟာ။ နိုင်ငံတော်က အခုလိုထုတ်ပေးတော့ အများကြီးအထောက်အပံ့ရတာပေါ့။ ဒါနဲ့ တစ်နှစ်ပြည့်တော့ မင်းတို့ပြန်ပြီးကောက်တဲ့အခါမှာရော ဘယ်လောက်ပြန်ဆပ်ကြသလဲ။ အဆင်ပြေရဲ့လား"

"ပြေပါတယ်အစ်ကိုကြီး။ နိုင်ငံတော်အစိုးရရဲ့စေတနာကို တောင်သူတွေက နားလည်လက်ခံကြတော့ ပဲတီစိမ်းရော နွေစပါးပါ နှစ်ခုပေါင်း ၁၇၄ ဒသမ ၁၈၄ ဘီလီယံ ထုတ်ချေးရာမှာ ၁၇၁ ဒသမ ၂၇၈ ဘီလီယံ ပြန်လည်ကောက်ခံရရှိတာကြောင့် ၉၉ ရာခိုင်နှုန်း ပြန်လည်ရရှိတယ်လို့ ပြောလို့ရပါတယ်။"

"အေး ကောင်းတယ်ကွာ။ ဒါနဲ့ မင်းတို့ဘယ်ပြည်နယ်နဲ့ တိုင်းတွေမှာ ချေးပေးတာလဲ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး။ ပဲတီစိမ်းအတွက်တော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ ချေးပေးတာပါ။ နွေစပါးအတွက်ကတော့ နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာပဲဖြစ်ပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၇၄ ဒသမ ၂၄၀ ဘီလီယံ အများဆုံးယူတာက ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးက ၄၂ ဘီလီယံနဲ့ ဒုတိယအများဆုံး၊ မန္တလေးတိုင်းဒေသကြီးက ၆ ဒသမ ၅ ဘီလီယံနဲ့ တတိယအများဆုံးဖြစ်ပါတယ်။ အဓိကက ကျွန်တော်တို့ဝန်ထမ်းတွေ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကော်မတီများရဲ့ ကြိုးပမ်းအားထုတ်မှုပဲဖြစ်ပါတယ်"

စာမျက်နှာ ၁၄ သို့ ●

● စာမျက်နှာ ၁၃ မှအဆက်

"ကဲ ဟုတ်ပါပြီ။ မင်းတို့အခုလို နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေနဲ့ မျိုးတွေ၊ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ ထောက်ပံ့လိုက်တော့ အကျိုးအမြတ် ဘာတွေဖြစ်လာသလဲ။ အထွက်နှုန်းတွေရော တိုးလာသလား"

"အထွက်နှုန်းတိုးတာပေါ့ အစ်ကိုကြီးရဲ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးသုံးခုမှာ တစ်ဧကပျမ်းမျှ အထွက်နှုန်း ၁ ဒသမ ၈၄ တင်းပိုလာပါတယ်။ ပဲတီစိမ်းအထွက်နှုန်း အကောင်းဆုံးက ပဲခူးတိုင်းဒေသကြီးမှာ တစ်ဧကအမြင့်ဆုံး ၂၇ ဒသမ ၅၀ တင်းထွက်ပါတယ်။ ဒုတိယက ဧရာဝတီတိုင်းဒေသကြီးမှာ တစ်ဧက ၂၃ တင်းထွက်ပြီး တတိယကတော့ ရန်ကုန်တိုင်းဒေသကြီးမှာ တစ်ဧက ၂၀ ဒသမ ၀၄ တင်းထွက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပျမ်းမျှ မူလအထွက်နှုန်းထက် ၁ ဒသမ ၈၄ တင်း (နှစ်တင်းနီးပါး)ပိုပြီးထွက်တာကြောင့် လယ်သမားတွေအားလုံး ကျေနပ်ဝမ်းသာဖြစ်ရပါတယ်"

"အေး ကောင်းပါပြီ။ အထွက်တိုးတာတော့ မှန်ပါရဲ့။ အမြတ်ကရော ဘယ်လောက်တိုးသလဲ"

"အဲဒီနှစ်က ပဲခူးတိုင်းဒေသကြီးက ပဲတီစိမ်းစိုက်တောင်သူတစ်ဦးတစ်ဧကကုန်ကျစရိတ်ငွေကျပ်၄၄၂၅၀၀ ဖြစ်ပြီး ပဲတီစိမ်းရောင်းရငွေကျပ် ၁၅၄၉၈၀၀ ဖြစ်တဲ့အတွက် တစ်ဧကကို ငွေကျပ် ၁၁၀၇၃၀၀ မြတ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက တောင်သူတစ်ဧကကုန်ကျစရိတ်ငွေကျပ် ၂၇၇၆၀၉ ဖြစ်ပြီး တစ်ဧကဝင်ငွေက ၉၆၉၁၂၅ ကျပ်ဖြစ်တာကြောင့် တစ်ဧကကို ၆၉၁၅၁၆ ကျပ်မြတ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကပဲတီစိမ်းစိုက်တောင်သူတွေကတော့ တစ်ဧကစိုက်စရိတ်ငွေကျပ် ၇၂၅၀၀၀ ဖြစ်ပြီး ပဲတီစိမ်းပြန်ရောင်းရငွေတစ်ဧက ၁၃၃၃၃၃၃ ကျပ်ရတာကြောင့် တစ်ဧကကို ၆၀၈၃၃၃ ကျပ်မြတ်ပါတယ်"

"အေး ဟုတ်ပါပြီ။ မင်းက ပဲတီစိမ်းအကြောင်းချည်းပြောနေတယ်။ နှမ်းစပါးအခြေအနေလေးလည်း ပြောဦးလေကွာ။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထောက်ပံ့မှုကြောင့် တို့တောင်သူတွေ စပါးဘယ်လောက်အထွက်တိုးတယ်၊ ဝင်ငွေဘယ်လောက်တိုးတယ်ဆိုတာလည်း ပြောစမ်းပါဦး"

**စပါးအထွက်နှုန်းတိုး**

"နွေစပါးမှာတော့ ပြီးခဲ့တဲ့နှစ်က နေပြည်တော်နဲ့ တိုင်းဒေသကြီး ခြောက်ခုမှာ စိုက်ခဲ့ပါတယ်။ အထွက်နှုန်းအကောင်းဆုံးက ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး အထွက်နှုန်းအမြင့်ဆုံး တစ်ဧကတင်း ၁၆၀ နဲ့ ပျမ်းမျှအထွက်နှုန်းက ၁၀၁ ဒသမ ၈၁၃ တင်းဖြစ်ပါတယ်။ ဒုတိယအထွက်နှုန်းအမြင့်ဆုံးက နေပြည်တော်ကောင်စီနယ်မြေဖြစ်ပြီး အမြင့်ဆုံးအထွက်နှုန်းက တစ်ဧက ၁၃၇ တင်းဖြစ်ပါတယ်။ တတိယအထွက်နှုန်းအမြင့်ဆုံးက ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး တစ်ဧက ၁၃၀ ဒသမ ၅၀ တင်းထွက်ပါတယ်။ အသားတင်အကျိုးအမြတ်အများဆုံးကတော့ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး တစ်ဧကအသားတင်အမြတ် ၁၃၁၈၃၅၈ ကျပ်မြတ်ပါတယ်။ ဒုတိယအများဆုံးကတော့ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး တစ်ဧကပျမ်းမျှ အသားတင်အမြတ် ၁၁၉၃၇၉၃ ကျပ်မြတ်ပါတယ်။ တတိယအမြတ်များတာကတော့ နေပြည်တော်ကောင်စီနယ်မြေဖြစ်ပြီး တစ်ဧကပျမ်းမျှအသားတင် ၁၀၆၃၈၂၆ ကျပ် မြတ်ပါတယ်။"

"အေးကွာ။ မင်းပြောတဲ့ အမြတ်တွေက တကယ့်ကိုအားရစရာပါပဲ။ ဘာကြောင့် ဒီလိုအမြတ်တွေ ရတယ်ဆိုတာလည်းရှင်းပြပါဦး"

**အကျိုးကျေးဇူး**

"ဟုတ်ကဲ့ပါအစ်ကိုကြီး။ ကျွန်တော်တို့နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းမှာက သီးနှံစိုက်တဲ့မျိုး၊ မျိုးနဲ့ပတ်သက်ရင် အဖြစ်မစိုက်ခိုင်းဘဲ အထွက်ကောင်းတဲ့မျိုး၊ မျိုးကောင်းမျိုးသန့်ကိုရွေးချယ်စိုက်ပျိုးဖို့ စည်းရုံးဆောင်ရွက်တာဟာ အောင်မြင်ခြင်းရဲ့လမ်းစပါ။ အစ်ကိုကြီးသိတဲ့အတိုင်း နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်မှာ သီးနှံအထွက်ကောင်းအောင်၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့နည်းလမ်းလေးသွယ်ကို လိုက်နာခိုင်းတယ်။ ဒါ့ကြောင့် ပထမအချက်သီးနှံမျိုးကို အကောင်းဆုံးရွေးချယ်စိုက်ပျိုးစေတယ်။ ဒုတိယအချက်က မြေ၊ မြေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အစ်ကိုကြီးတို့ အဘိုးအဘွားတွေ လက်ထက်ကတည်းက မြေကိုညက်ညက်ထွန်ဖို့၊ စိပ်စိပ်စိုက်ဖို့ မှာခဲ့ကြတယ်။ ဒါကလည်း သမားရိုးကျဖြစ်ပေမယ့်တကယ်လိုက်နာသင့်တဲ့ကိစ္စရပ်ပဲ။ ပြီးတော့ မြေပြုပြင်တာ၊ ထယ်ရေးလုန်တာ၊ အာဟာရပြည့်ဝအောင် သစ်စိမ်းမြေဩဇာ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ ထည့်တာတွေက မဖြစ်မနေလုပ်ရမယ့်အလုပ်ပဲလေ။

တတိယအချက်က စိုက်ပျိုးရေ၊ စိုက်ပျိုးရေနဲ့ပတ်သက်ပြီး အလေးထားဖို့လိုတယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ ရေများရင်လျှော့မယ်၊ ရေနည်းရင်သွင်းမယ်။ ဒါက ကျွန်တော်တို့ စိုက်ပျိုးရေးတောင်သူတွေ မဖြစ်မနေလုပ်ရမယ့် အလုပ်ပဲလေ။ အဲ စတုတ္ထအချက်ကတော့ နည်းပဲ။ ဒီနေရာမှာ စိုက်ပျိုးတဲ့နည်းလမ်း၊ စိုက်ပျိုးစနစ်ဒါတွေသည် ခေတ်မီရမယ်။ အမြဲသုတေသနပြုနေရမယ်။ အလားတူပဲ မြေဩဇာကျွေးတာ၊ အပင်အားဆေးဖျန်းတာ၊ ပိုးသတ်ဆေးဖျန်းတာ အပါအဝင်ဆောင်ရွက်တဲ့နည်းလမ်းတွေဟာ အမြဲတမ်းသုတေသနပြုနေရင် အထွက်နှုန်းတိုးပြီး အောင်မြင်မှာဖြစ်ပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်မှာ အရည်အသွေး၊ မှန်ကန်တဲ့သွင်းအားစုကို လိုအပ်တဲ့အချိန်မှာ လုံလောက်တဲ့ပမာဏကို ပြည့်ပြည့်ဝဝသုံးစွဲရခြင်းသည်လည်း အထွက်နှုန်းတိုးစေတဲ့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့သီးနှံကို မှန်ကန်တဲ့ဈေးနှုန်းနဲ့ဝယ်ယူမယ့် ဝယ်ယူကြိတ်ခွဲရောင်းချတဲ့ အစုအဖွဲ့ထည့်သွင်းဖွဲ့စည်းထားခြင်းကလည်း ဈေးနှုန်းမှန်ကန်ပြီး မှန်ကန်တဲ့ဈေးကွက်ရှိခြင်းကြောင့် စိုက်ပျိုးသူတောင်သူတွေအတွက် ရင်အေးစေရပါတယ်"

"ကဲ ကိုအောင် မင်းပြောပြလို့ ၂၀၂၂-၂၀၂၃ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်နဲ့ ဆောင်ရွက်တဲ့ ပဲတီစိမ်း၊ နွေစပါးစိုက်ပျိုးမှုအစီအစဉ်တွေတော့ အသေးစိတ်သိရပြီ။ အဲဒီနောက်ပိုင်း ဆက်ပြီးလုပ်တဲ့ မိုးစပါး၊ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာနဲ့နွေစပါးအစီအစဉ်လေးတွေလည်း ပြောပြစမ်းပါဦး"

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်နဲ့ ကျွန်တော်တို့လုပ်ခဲ့တာတွေကတော့ အထူးသဖြင့် ပဲတီစိမ်း၊ နွေစပါးနဲ့မိုးစပါးအစီအစဉ်တွေကိုပြောရရင် ၂၀၂၂-၂၀၂၃ ခုနှစ်မှာ ပဲတီစိမ်း ၃၃၅၇၉၉ ဧကနဲ့ နွေစပါး ၆၆၉၄၄၃ ဧက၊ ၂၀၂၃-၂၀၂၄ ခုနှစ်မှာ မိုးစပါး ၆၇၁၀၆၂ ဧကနဲ့နွေစပါး ၇၃၉၄၉၃ ဧက၊ ၂၀၂၄-၂၀၂၅ ခုနှစ်မှာမိုးစပါး ၈၆၃၂၆၂ ဧကနဲ့ နွေစပါး ၆၉၀၅၂၉ ဧကတို့ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာနဲ့ပတ်သက်ရင်တော့ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံ မြေပဲ ၁၁၆၄၆၇ ဒသမ ၅ ဧကနဲ့ နှမ်းသီးနှံ ၂၆၃၃၃ ဧကဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်မှာ မိုးမြေပဲ ၈၇၉၁၃ ဧကစိုက်ပျိုးခဲ့ပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံအနေနဲ့ မြေပဲ ၉၉၅၁၈ ဧက၊ နှမ်း ၃၇၁၃ ဧကနဲ့နေကြာ ၄၉၄၀၂ ဧက စုစုပေါင်းဆီထွက်သီးနှံ ၁၅၂၆၃၃ ဧက နိုင်ငံ့စီးပွားအစီအစဉ်နဲ့ စိုက်ပျိုးခဲ့ပါတယ်"

"အေး စိုက်တာပျိုးတာနဲ့အထွက်နှုန်းတွေကတော့တဖြည်းဖြည်းတိုးတက်လာတာ အားရစရာပါပဲ။ ဒီအတိုင်းဆိုရင် ဟိုတုန်းက ပြောခဲ့ကြတဲ့ **"ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ"** တော့မှာပါပဲ။ ဝမ်းသာစရာပါကွာ။ ဒါနဲ့မင်းတို့ ထောက်ပံ့ပေးတဲ့နှုန်းထားက ဘယ်လောက်နှုန်းလဲ"

"ပထမ ၂၀၂၂ ခုနှစ်ကစပြီး ထောက်ပံ့တုန်းက နွေစပါးတစ်ဧကငွေကျပ် ၂ သိန်းနှုန်း၊ ပဲတီစိမ်းတစ်ဧကငွေကျပ် ၁ ဒသမ ၂ သိန်းနှုန်း၊ မြေပဲတစ်ဧက ငွေကျပ် ၃ သိန်းနှုန်း၊ နှမ်းတစ်ဧကငွေကျပ် ၁ ဒသမ ၅ သိန်းနှုန်း၊ နေကြာတစ်ဧကငွေကျပ် ၂ သိန်းနှုန်းနဲ့ ညီမျှတဲ့သွင်းအားစုတွေတောင်သူတွေကို ထုတ်ချေးပေးခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ခုနှစ်ကစပြီး မျိုးစေ့ထည့်သွင်းသုံးစွဲရေးအပါအဝင် စပါးတစ်ဧကကို ငွေကျပ် ၂ ဒသမ ၅ သိန်းနှုန်း၊ မြေပဲတစ်ဧကကိုငွေကျပ်၄ သိန်းနှုန်း၊ နှမ်းတစ်ဧကကို ငွေကျပ် ၂ သိန်းနှုန်း၊ နေကြာတစ်ဧကကို ငွေကျပ် ၂ ဒသမ ၅ သိန်းနှုန်းနဲ့ ညီမျှတဲ့ သွင်းအားစုတွေကို ထောက်ပံ့ပေးနေပါတယ်"

"အေးကွာ ကောင်းတယ်။ နိုင်ငံတော်က အခုလုပ်ပေးတဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်ဟာ တို့တောင်သူတွေအတွက် တကယ့်ကိုအကျိုးရှိတဲ့အစီအစဉ်ပဲ။ ဒါနဲ့ပတ်သက်ရင် နိုင်ငံတော်အကြီးအကဲအစည်းအဝေးတစ်ခုမှာ ပြောကြားခဲ့သလို **"နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်စီးပွားရေးအခြေအနေကောင်းများ ဖန်တီးပေးဖို့လိုတယ်"**ဆိုတဲ့လမ်းညွှန်ချက်ကို တိုက်ရိုက်အကောင်အထည်ဖော်တဲ့အစီအစဉ်ပဲ။ ဒီနိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအစီအစဉ်ကြောင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရုံသာမက တို့နိုင်ငံကတောင်သူတွေရဲ့လူမှုစီးပွားဘဝတွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာသေချာတယ်လို့ ငါတော့ယုံကြည်တယ်ကွာ"

အစ်ကိုကြီးက ခိုင်မာလေးနက်သောယုံကြည်ချက်ဖြင့် မှတ်ချက်ပြုလိုက်ခြင်းဖြစ်ပါသည်။ ။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂-၈-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်

# အောင်ကြောင်းအဖြာဖြာ

# တက်နေပမာ

❖ ဗီဇခြားရိုး၊ အမျိုးရင်နာရပုံ၊
ပြည်ပအားကိုး၊ အဆိုးမြင်ဝါဒစုံ၊
ဟစ်ကြွေသံကုန်၊ ဖုံဖုံသတင်း။
မျိုးမသန့်လျှင်၊ ချိုးသန့်စင်
ဆန့်ကျင်စိတ်မာန် ပြင်းသည်နှင့်လေး။

❖ မြန်မာ့ဂုဏ်သင်း၊ သတင်းအဖြာဖြာကို၊
မလှုပ်သွင်း၊ အလျှင်းမနာလို၊
မှားယွင်းပြဆို၊ ဝန်တိုဖိနှိပ်။
သတိတမံ၊ ထိမခံ
ထက်သန်မျိုးချစ် စိတ်ရယ်နှင့်လေး။

❖ ညီနောင်ထုသိပ်၊ ဂုဏ်ဟိတ်တင်အပ်စွာ၊
ပြည်ထောင်စုစိတ်၊ ပုံရိပ်ထင်ဟပ်ကာ၊
ဘယ်တိုင်းပြည်ရွာ၊ ဘယ်ခါရန်မီး။
ခြိမ်းခြောက်ထွေထွေ၊ မမှုပေ
မျိုးမွေစဉ်လာ ကြီးသည်နှင့်လေး။

❖ လှေကြုံမစီး၊ မညည်းဆက်လျှောက်မည်၊
လေဟုန်မစီး၊ ခရီးမျက်မှောက်ဆီ၊
တစ်ထောက်သွေဖည်၊ ပွေလီနှောင့်ယှက်။
ခိုင်မာဓိဋ္ဌာန်၊ ထိုထိုရန်
ဖွေလှန်နှိမ်ချိုး ဖျက်မည်နှင့်လေး။

❖ ချစ်ခင်မပျက်၊ တိုးတက်အသွင်သစ်စေ၊
ခေတ်စဉ်အဆက်၊ မျိုးဆက်ရင်နှစ်တွေ၊
တွဲလက်ညီစေ၊ ပန်ခွေဆုတောင်း။
ကောင်းမြတ်စဉ်လာ၊ စည်ဝေဖြာ
ကမ္ဘာတည်စေ ကြောင်းရယ်နှင့်လေး။

❖ ထောင်သောင်းအခါခါ ကျက်သရေဖြာ
စံအလှမျိုးစုံ ဝင့်ရှော့မည်။
အောင်ကြောင်းအဖြာဖြာ တက်နေပမာ
မြန်မာ့မျိုးဂုဏ် မြင့်တော့သည်။ ။

**ညီမောင်**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများပြုလုပ်

နေပြည်တော် ဩဂုတ် ၁

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက် ဆုများနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို တိုင်းစစ်ဌာနချုပ်တိုင်းအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မုံရွာတပ်နယ်အသင်းနှင့် စခန်း(နမခ)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော စခန်း(နမခ)အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

**၁-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသော ကွန်ဟိန်းတပ်နယ်အသင်းအား ဆုချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၁

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ အသင်းလိုက်ဆုတံဆိပ်၊ ဒိုင်းဆုရရှိသော ကွန်ဟိန်းတပ်နယ်အသင်းနှင့် ဒိုင်အဖွဲ့ဝင်များအား ဆုများ အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# သပိတ်ကျင်းမြို့နယ်၊ အုန်းပိုင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုန်းပိုင်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ သပိတ်ကျင်းတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၈၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အုန်းပိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှ ချမှတ်ထားသည့်ဦးတည်ချက်(၄)ရပ်အား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်

★ **ရှေ့ဖုံးမှအဆက်**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဖွဲ့စည်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အား ဦးထိပ်ထားပန်ဆင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်လိုကြောင်း၊ အလားတူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှချမှတ်ထားသည့် ဦးတည်ချက် (၄)ရပ်အား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မရှိသင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးက ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားနိုင်သည့် လုပ်ဆောင်ချက်များကို ရှောင်ရှားကြရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရန်လိုကြောင်း၊ ပြည်သူများ၏ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ ထို့ကြောင့် ယခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်သည်ကို နိုင်ငံတော်အကြီးအကဲက ပြည်သူများကို အသိပေးပြောကြားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲမပေးနိုင်သူများအား ကြိုတင်မဲများပေးနိုင်ရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကဏ္ဍများအလိုက်ပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

> ❖ **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ဆိုသည့်အတိုင်း လက်တွေ့ကျသည့်လုပ်ငန်းများတွင် ကျေးလက်စီးပွားရေးမြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ် . . .**
>
> ❖ **တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနအနေဖြင့် လေ့လာသုံးသပ်သုတေသနပြုလုပ်၍ ကုစားနိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရန်လို . . .**

**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ပြီး ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးကအလေးပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို စနစ်တကျအသုံးချရန်လိုသကဲ့သို့ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေးနှင့်သီးထပ်စွမ်းအားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ဆီဖူလုံရေးနှင့်ပတ်သက်၍ ဆီထွက်သီးနှံများမှ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် စားသုံးဆီများထုတ်လုပ်နိုင်သည့်အတွက် ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပြည်တွင်းဆီဖူလုံရေး၊ ဆီချွေတာနိုင်ရေးအတွက် ယခင်ကတည်းက ဆောင်ရွက်လျက်ရှိသော်လည်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံများထုတ်လုပ်မှုပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးနိုင်သည့်နေရာများတွင် ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့်ဆောင်ရွက်၍ အထွက်ကောင်းအောင်စိုက်ပျိုးရန်နှင့် နေကြာစိုက်ပျိုးမှုအား ယခုထက်ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း။

**“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဆိုသည့်အတိုင်း လက်တွေ့ကျသည့် လုပ်ငန်းများတွင် ကျေးလက်စီးပွားရေးမြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိပြီး အဆိုပါစိုက်ပျိုးမြေများကို ထိရောက်စွာအသုံးချသွားရန်လိုကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် အသားငါးများ ပြည်တွင်း၌ ဖူလုံမှုရှိအောင် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး စသည်တို့ကိုလည်း ဒေသအလိုက် မွေးမြူသွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများကို နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ရန်ပုံငွေများကို ချထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နှစ်စဉ်ချထားပေးသည့် နိုင်ငံတော်ရန်ပုံငွေများကို အကျိုးရှိ

## တိုက်ကြီးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု တိုက်ကြီးမွေးမြူရေးဇုန်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုက်ကြီးမွေးမြူရေးဇုန်အနီးရှိ သနပ်ချောင်းပိတ် ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ တမံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ရေလှောင်တမံဧရိယာနှင့် ဆက်စပ်သောနေရာတွင် ငါးမွေးကန်နှင့် ဘဲခြံများ ဆောက်လုပ်နေသည့်နေရာများကိုလည်းကောင်း၊ အကွက်အမှတ် A27 ရှိ SUPER SEVEN STARS AGRI-TECH CO.,LTD. ၏ခြံတွင် ဥစားကြက်အကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှုနှင့် ခြံတိုးချဲ့တည်ဆောက်နေမှုကိုလည်းကောင်း၊ အကွက်အမှတ် A23 ရှိပိုင်ရှင် ဒေါ်သဲဟေမန်ဦး၏ ဘဲသားပေါက် ထုတ်လုပ်ရန်အတွက် ဘဲဥများထားရှိမည့် အအေးခန်း၊ အနွေးဓာတ်ပေး ဝပ်ကျင်းခန်း၊ ဘဲသားပေါက်ဖောက်ခန်းတို့၏ စက်များတပ်ဆင်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ခန်းမ(၃)၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၄/၂၀၂၅) အစည်းအဝေးတက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက အမှုတွဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်းလယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဗွဲထက်ကို (ပြန်/ဆက်)**

**ထူးခြားသည့် နေ့အပူချိန်များ**

၁-၈-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကော့သောင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြိတ် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

စွာဖြင့်အသုံးချပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**ဆိုသည့်အတိုင်း နိုင်ငံတစ်ဝန်းပညာရေးကဏ္ဍတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အတတ်ပညာသည် အတန်းပညာကိုအခြေခံသဖြင့် အတန်းပညာများမြင့်မားစေရေး မပြတ်မနေအားပေးဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး အလေးထားဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနအနေဖြင့် လေ့လာသုံးသပ်သုတေသနပြုလုပ်၍ ကုစားနိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရန် လိုကြောင်း၊ နောင်လာမည့် အစိုးရအနေဖြင့်လည်း နိုင်ငံ၏ ပညာရေးကဏ္ဍမြင့်မားရေးကို ဆက်လက်အားပေးဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားခဲ့ရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေး ထိထိရောက်ရောက် ဖော်ဆောင်နိုင်မည့် မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ဒေသများတွင် အကြမ်းဖက်မှုနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် အားနည်းချက်များ ရှိနေသေးကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နီးနွယ်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်သည့်အချိန်တွင်လည်း သက်ဆိုင်ရာ တာဝန်ကျသည့် နယ်မြေဒေသများသို့ အမှန်တကယ်သွားရောက် တာဝန်ထမ်းဆောင်ကြရန် လိုကြောင်း၊ သွားရောက်သည့်ကာလတွင်လည်း အချိန်ကာလတစ်ခုသတ်မှတ်၍တာဝန်ပေးအပ်သွားရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲမှ ချမှတ်ထားသည့် "ကျန်းမာမှပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်"၊ "လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ"၊ "ဆေးရုံတိုင်း ဆရာဝန်ရှိရမည်" ဆိုသည့် မူဝါဒအတိုင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လိုအပ်သည့်ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအထောက်အကူပြုပစ္စည်းများဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံတော်မှစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ ရေကြီးခြင်း၊ ငလျင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများ၊ မြစ်ချောင်းများ တိမ်ကောမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်လာခြင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာရေးအတွက် မိမိတို့အနေဖြင့် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ယခင်က ၅၀ ရာခိုင်နှုန်းကျော် ရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှုများ တိုးတက်လာစေရန်နှင့်သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များကို တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ **"နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့်အတိုင်း သစ်တောဧရိယာများ၌ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အတွက် လက်ရှိအချိန်တွင် ဆောင်ရွက်ရန်လိုအပ်သည်များကို မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အတွက်လည်း ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့မျှော်မှန်းထားသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်မည်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

**❖ နိုင်ငံတော်အတွက် လက်ရှိအချိန်တွင် ဆောင်ရွက်ရန်လိုအပ်သည်များကို မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကျရောက်ခဲ့သည့်ဒေသများ၌ မိုးတွင်းကာလဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များရှိသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း၌ သင့်တင့်သည့်ကုန်ဈေးနှုန်းများဖြစ်စေရေး ဝန်ကြီးဌာနများအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရမှုများနှင့်စပ်လျဉ်း၍ ထောက်ပံ့ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် ဓာတ်မြေဩဇာများအချိန်မီရရှိစေရေးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်းဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေများ ယခုထက်ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း တောင်သူများ၏ စားဝတ်နေရေးအတွက် ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် စိုက်ကေပြည့်မီစေရေးနှင့် ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးအတွက် ဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ် အချိန်မီရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုကာလတွင် နိုင်ငံတော်အနေဖြင့် အခက်အခဲများကို ကျော်လွှားပြီး ဆောင်ရွက်နိုင်ခဲ့သည်များရှိပါကြောင်း၊ အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် ဦးတည်ချက် (၄)ရပ်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးအတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဝမ်းတွင်းမြို့နယ်၌ ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ(10- Rows Seeder) ဖြင့် မိုးစပါးစိုက်ပျိုးမှုကွင်းသရုပ်ပြပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၁

ဝမ်းတွင်းမြို့နယ်၌ ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ (10– Rows Seeder)ဖြင့် မိုးစပါးစိုက်ပျိုးမှုကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့နယ် နတ်နန်းကျေးရွာ ဦးပိုင်အမှတ် ၇၀၊ ကွင်းအမှတ် ၁၄၂၀ ရှိ တောင်သူ ဦးဝင်းနိုင်ဦး၏ လယ်မြေ ၂ ဧက၌ ကျင်းပရာ မိတ္ထီလာခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများတက်ရောက်ကြသည်။



ဦးစွာ မိတ္ထီလာခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းနှင့် မြို့နယ်ဦးစီးမှူး ဦးသက်ထက်ဇော်တို့က ကွင်းသရုပ်ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်၊ ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ(10– Rows Seeder) အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ စက်ပိုင်းဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုရမည့် အချက်များကို ရှင်းလင်းပြောကြားကြပြီး ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲမျိုးစေ့ချကိရိယာ၊ ခေတ်မီကောက်စိုက်စက်ကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မြို့နယ်(ပြန်/ဆက်)

**■ ကျောဖုံးမှအဆက်**

၄ ဧကနှင့် တောင်ယာ ၄၅၅ ဧက စုစုပေါင်း ၁၅၅၂ ဧကစိုက်ပျိုးနိုင်ပြီး လယ်မြေများတွင် နွေစပါးများ ဆက်လက်ရိတ်သိမ်းနေဆဲဖြစ်၍ လျာထားချက်ပြည့်မီကျော်လွန်ရေး ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် မိုးစပါးကို လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ပြီး ရိတ်သိမ်းဧက ၁၀၂၀၀ တွင် တစ်ဧကအထွက်နှုန်း ၈၄ ဒသမ ၅၁ တင်းထွက်ရှိသည်။

မိုးစပါးစိုက်ပျိုးရန်ရေကို အစိုးရဆည်များဖြစ်သော မန်းချောင်းရေလှောင်တမံဆည်မှ ၃၂၀၆ ဧက၊ ရင်းရှည်ရေလှောင်တမံဆည်မှ ၅၄၂ ဧက၊ ဆည်ငယ်၊ ကန်ငယ်များမှ ၄၇၅၁ ဧက၊ မိုးကောင်းသောက် ၁၂၂၆ ဧကနှင့် တောင်ယာစိုက် ၄၇၅ ဧက စုစုပေါင်း ဧက ၁၀၂၀၀ စိုက်ပျိုးနိုင်ရန်လျာထားပြီး လျာထားချက်ပြည့်မီရေးအတွက်ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ငဖဲမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်းမွန်သော စပါးမျိုးများရွေးချယ်စိုက်ပျိုးရေး၊ သီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများနှင့်သီးနှံမျိုးစေ့များကို ကူညီပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကိုလည်း သက်ဆိုင်ရာဌာနများမှ ကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

## မိုးပိုနေမည်

နေပြည်တော် ဩဂုတ် ၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Union Government of the Republic of Union of Myanmar holds meeting



Prime Minister U Nyo Saw delivers an address at the Union Government meeting.

NAY PYI TAW August 1

The Union Government of the Republic of Union of Myanmar held a meeting at the Prime Minister's Office this afternoon, addressed by Prime Minister U Nyo Saw.

Also present were union ministers, deputy ministers and officials.

In his keynote address, the Prime Minister said the current Union Government was formed by the National Defence and Security Council. The government needs to place in the fore and protect Our Three Main National Causes – non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty. In addition, it must observe and implement the four objectives adopted by NDSC.

The present time calls for the efforts to steer on the road to multi-party democracy without any political, ethnical and religious differences. All the people in the nation should stay away from acts that may deviate from democracy and should abide by the Constitution and existing laws. Election is the core part of multi-party democracy, aspired by the people. Hence, the Head of State has notified the people that an election would be held in the coming December. The government will have to ensure all eligible voters cast their votes. Advanced voting must be arranged as per the rules for the persons who cannot vote due to certain reasons.

The nation will exercise a genuine and disciplined multi-party democracy and for the administration system, a Union system based on multi-party and federalism will be practiced. Sector-wise involvement of the ministries is required in holding a free and fair multi-party democracy general election.

**Encourage the manufacturing industry for producing fruits of gold**

The country is implementing an agro-based economy. The majority of rural people are engaged in agriculture. The country can improve socio-economic life of the rural and alleviate poverty through progress in farming. In this way, the country can develop its economy. All should give priority to progress of agriculture, systematically use the land and increase per acre yield through promotion of mixed cropping. These undertakings will lead to domestic food sufficiency, and finally, the country will be able to export food. The State is providing a sufficient number of chemical fertilizers, one of the main requirements of agriculture.

Region/state-wise efforts are required for development of edible oil crop cultivation, and as oil yielding crops can fulfil local needs, they will become import substitute goods. The country has been carrying out endeavors to ensure local oil sufficiency and economical consumption of oil since the past, but still not achieve 100 percent success, as regions and states fail to increase oil crops production. Oil crop growing areas must be prioritized and efforts should be made to increase per acre yield and sunflower sown acreage.

In accord with the motto, **"Lets encourage production for bearing fruits of gold"** rural economy must be developed and agriculture must be encouraged. The country has large areas of croplands along the banks of Ayeyawady and Chindwin rivers and those areas must be effectively utilized. Chicken, pigs, goats, cattle and fish must be raised area wise for local food sufficiency.

The government sets up sector-wise funds for the ministers to strive for national development. Annually allocated funds for region/state-wise tasks must be effectively used and the tasks must be completed within the set time.

**Let us ensure education sector for the development of the Nation**

It is necessary to encourage education sector of citizens in order to develop the country. In accord with the motto **"Let's ensure education sector for the development of the Nation"**, it is necessary to improve the education sector in the entire nation. Technique is based on school education, so it is necessary to support improvement of learning education without fail. Emphasis must be placed on attending of all school-age children and increase of student grades in learning. To prevent a decline in student transition rates between grade levels, it is necessary for the Ministry of Education to conduct research, analysis, and studies in order to implement effective remedial measures. Moreover, the current government needs to pave ways for the forthcoming government to continue encouragement to development of the education sector of the nation.

In the health sector, public health care activities are being carried out with a focus on preventive measures to avoid the outbreak of diseases, and policies and plans must be implemented to ensure the effective delivery of quality medical treatment when diseases do occur. There are still weaknesses in the delivery of health care services due to terror acts and conflicts in some areas. Therefore, not only health care workers but also all those involved in the health sector are required to work together in a coordinated manner. When assigning health care personnel to various regions and states, they are truly deployed to the respective designated areas of

See Page - 19 ●●

●● From Page - 18

responsibility, and that their assignments are made for a clearly defined period of service.

In line with the policies set by the Head of State—"Only with good health can one pursue education; only with good health can one work," "Nothing is more important than human life," and "Every hospital must have a doctor"—the State is actively implementing measures to provide the necessary health care personnel and medical support equipment for regions and states across the country.

**Let us protect our environment for the prosperity of the Nation**

It is now evident that the increasing occurrences of flooding, earthquakes, cyclones, and river overflows around the world are the result of environmental degradation. Therefore, in order to promote nationwide greening and sustainable agriculture, it is necessary for us to actively preserve forests and the natural environment. While forest coverage in our country once exceeded 50 percent, it has now declined to just 42.19 percent. To restore forest coverage and ensure a greener environment, it is essential to expand the planting of long-term trees. In line with the motto **"Let's protect our environment for the prosperity of the Nation",** efforts must be made to increase the cultivation of perennial, shade trees and windbreaks in forested areas.

As the Union Government must all work together and make collective efforts to carry out the necessary tasks for the nation at this time. In particular, collaborative efforts must be made in the preparatory work to successfully hold the upcoming election scheduled for December. Only then will the free and fair multi-party democratic general election that all the people aspire to can be held successfully.

Union ministers attending the meeting discussed their sectors.

In his response to the discussions, the Prime Minister noted that in the earthquake-affected areas, where it is currently the rainy season, there are certain needs for reconstruction efforts, and that the Government is doing its utmost to provide assistance accordingly. Relevant ministries and regional/state authorities were also urged to monitor and regulate market prices to ensure reasonable and fair pricing. Moreover, it is important to expedite the completion of support and relief operations related to the damages and losses caused by the earthquake. Efforts must also be made to collectively prevent illegal trade activities. Furthermore, it is necessary to ensure the timely provision of essential fertilizers for agricultural activities.

In his concluding remarks, the Prime Minister said that Myanmar is currently developing its national economy based on an agriculture and livestock-oriented economic model. Therefore, only by advancing agricultural and livestock production industries can the country generate increased foreign income. At the same time, farmers' household incomes will improve, contributing to national economic growth. To ensure full cultivation coverage during this monsoon season and to achieve higher yield targets, the relevant ministries and regional/state governments must ensure that fertilizers reach farmers in a timely manner. The nation has been able to overcome recent challenges and make progress. Union Ministers were urged to collectively strive, during their terms of service, to realize the four national objectives and priorities set by the State. And, the meeting came to an end.

**100**

# Yinmabin District finishes cultivation of more than 50,000 acres of pigeon pea this monsoon

YINMABIN August 1

Statistics of Yinmabin District Agriculture Department in Sagaing Region stated that local farmers have planted 51,585 acres of pigeon pea as monsoon crops in the district this year.

During the 2025-2026 monsoon crop season, it is planned to cultivate 88,500 acres of pigeon peas in Yinmabin District. Starting from May this year, cultivation has already begun, and as of today, a total of 12,180 acres of croplands have been placed under pigeon pea plantations in Yinmabin Township, 20,220 acres in Kani Township, 6,395 acres in Salingyi Township, and 12,800 acres in Pale Township, totalling 51,585 acres cultivated so far.

Daw Myat Moe Win, head of the Yinmabin District Department of Agriculture, disclosed: "This year, during the monsoon crop season, over 88,000 acres of pigeon peas are planned to be cultivated in Yinmabin District. So far, over 50,000 acres have already been cultivated. Efforts are ongoing to meet the target acreage. Work is also being done to ensure high yield from the pigeon pea cultivation. The crop is being grown both as a sole crop and as an intercropped/relay crop."

As the breakdown of planned cultivation by township within Yinmabin District, Yinmabin Township earmarked 20,300 acres, Kani Township 15,390 acres, Salingyi Township, 30,800 acres, and Pale Township, 22,010 acres, totalling 88,500 acres.

This year, respective township-level Agriculture Departments in Yinmabin District are providing farmers growing pigeon peas with technical support on using quality and pure seeds, adopting proper cultivation methods, pest control, and achieving higher yields.

In addition, the township agriculture departments in Yinmabin District are promoting the use of techniques of making natural fertilizer. This method helps reduce the cost of purchasing foliar fertilizers and, as reported, results in healthier crops, fewer pests, and better plant growth.

**SMK**

# Vegetables cultivated on more than 1,800 acres of croplands

KALAY August 1

More than 1,800 acres of croplands were placed under vegetables in Kalay Township of Sagaing Region during this monsoon, the Agriculture Department of Kalay Township stated.

In 2025-2026 monsoon cultivation season, local authorities earmarked cultivation of 8,040 acres of vegetables in Kalay Township but local farmers have so far planted 1,821 acres of vegetables against the target cultivation.

"This year, during the monsoon crop season, over 8,000 acres of vegetables are planned to be cultivated in Kalay Township. As of today, more than 1,800 acres have already been planted, and cultivation is ongoing. Efforts are being made to ensure that the targeted acreage is fully cultivated. The crops include roselle, chilli, mustard, culinary herbs, cauliflower, cabbage, potatoes, cauliflower, eggplant, and okra. Farmers are being provided with technical assistance to grow all these vegetables using the GAP (Good Agricultural Practices) system. They are also being trained to cultivate with minimal chemical residues and in a health-conscious manner," said Daw Marn Awe, Head of the Kalay Township Department of Agriculture.

This year, the Kalay Township Department of Agriculture is providing technical training to vegetable farmers to grow crops using the GAP system. It is also offering technical support to ensure that the harvested vegetables meet health standards and helping farmers expand their vegetable cultivation.

All seasonal vegetable plantations are thriving in Kalay Township, which generates incomes for local farmers and their families. Officials of the Township Agriculture Department raise farmer awareness how to apply correct agricultural techniques, prevent vests and make natural fertilizers and pesticides in order to reduce agricultural costs.

**SK**

# Myaung Township finishes cultivation of maize in monsoon

MYAUNG August 1

Local farmers have so far planted more than 1,000 acres of maize in Myaung Township of Sagaing Region this year, according to Sagaing District Agriculture Department's statistics.

Local farmers have planted 1,228 acres of maize which stared in June this year, against the target of 2,160 acres of target cultivation in 2025-2026 monsoon cultivation season.

"This year, during the monsoon crop season, over 2,000 acres of maize are planned to be cultivated in Myaung Township. As of today, more than 1,000 acres have already been planted, and efforts are ongoing to meet the targeted acreage. In order to ensure successful maize cultivation, farmers are being provided with knowledge and training, including measures to prevent pest and disease outbreaks," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

This year, in Myaung Township, the Township Department of Agriculture is offering training sessions and field demonstrations to farmers cultivating maize. They are also providing guidance on pest prevention, such as preventive measures against fall armyworm, and promoting integrated crop protection techniques. This includes the use of neem-based pesticides, the application of ginger and chilli-based pest control methods, and general agricultural knowledge.

It is reported that, in Myaung Township, maize yields over 50 baskets per acre, with a cultivation cost of around Ks-500,000 per acre.

**SMK**

# Russia guarantees Belarusian security – Lukashenko

MOSCOW August 1

Belarusian national security depends on the partnership with Russia, its closest ally, President Alexander Lukashenko said on Thursday.

Speaking at a meeting with ambassadors in Minsk, Lukashenko reaffirmed the importance of the Union State, a political and economic integration framework between Belarus and Russia that includes joint security provisions and aligned policies. He said that global multipolarity, which Belarus supports, is compatible with strong bilateral ties with Moscow.

”For as long as I am president, take this as the truth: there is and cannot be anyone closer to us than Russia and the peoples of Russia,” Lukashenko stated.

He cited historical, economic, and defense ties as the foundation of the relationship and claimed that without Russian support, “we would probably be locking horns with NATO in the west right now.” He added, “That is why Russia is the guarantor of our security.”



Lukashenko accused Western governments of misrepresenting ties between Moscow and Minsk for propaganda purposes, referencing reports of a sign posted at a border crossing that read: “You are entering Kremlin-occupied Belarus.” He insisted that Belarus remains sovereign and independent, unlike what he called Western “lackeys in Ukraine.”

Lukashenko is scheduled to travel to Russia on Friday to meet with President Vladimir Putin for talks on bilateral and regional matters, according to his office. The two leaders last met in late June.

The Belarus-Russia defence relationship took a major step forward in 2023 when Moscow agreed to deploy tactical nuclear weapons on Belarusian soil. Lukashenko referenced the arrangement during his remarks.

Moscow characterized the move as a response to NATO’s long-standing nuclear sharing strategy. Russia argued that the Cold War-era practice, under which the United States stationed nuclear weapons in several non-nuclear NATO member states, violates the spirit of nuclear non-proliferation. Russia has particularly criticized training exercises that involve pilots from third nations preparing to deliver US nuclear bombs from their own aircraft.

**RT**

# Egypt's president, Dutch PM discuss Gaza ceasefire

CAIRO August 1

Egyptian President Abdel-Fattah al-Sisi and Dutch Prime Minister Dick Schoof on Friday held a phone conversation on the latest regional developments, with a particular focus on efforts to secure a ceasefire in the Gaza Strip, according to a statement from the Egyptian presidency.

During the phone conversation, Sisi reviewed the Egyptian efforts to facilitate a ceasefire agreement in the Gaza Strip and ensure the urgent and sufficient entry of humanitarian aid.

He also highlighted the importance of securing the release of hostages, which he said would pave the way for a political process centered on the two-state solution and the establishment of an independent Palestinian state.

Sisi reaffirmed Egypt's longstanding position that the two-state solution is the only viable path to achieving lasting peace and stability in the region, reiterating Egypt's "firm stance in rejecting attempts to displace the Palestinian people from their land."

Schoof, for his part, expressed his country's appreciation for Egypt's efforts to secure a ceasefire, release hostages, and provide humanitarian aid to the strip.

The two sides also reviewed ways to enhance cooperation on migration and confronting terrorism and extremism.

**Xinhua**

# US special envoy witkoff to head to Russia after Israel visit - Trump

WASHINGTON August 1

US special envoy Steven Witkoff will head to Russia after visiting Israel on Friday, US President Donald Trump told reporters at the White House.

"Yeah, going to Israel, and then he [Witkoff] is going to Russia, believe it or not," Trump said on Thursday.

Trump said on Tuesday that his new timeline for a Ukraine peace deal is 10 days and that he will impose secondary tariffs and other sanctions on Russia as soon as it expires.

Last time Witkoff met with Putin was on 25 April.

Then the meeting lasted three hours and was constructive and useful, according to presidential aide Yuri Ushakov.

**Sputnik**

# Thai army frees 2 captured Cambodian soldiers: Cambodian defense ministry spokesperson

PHNOM PENH August 1

The Thai army on Friday released two out of 20 Cambodian soldiers that it captured after a ceasefire took effect, a Cambodian defence ministry spokesperson said.

"As of 11:00 a.m. (local time) on August 1, 2025, the Thai side had returned only two Cambodian soldiers," Defence Ministry's Undersecretary of State and spokesperson Lt. Gen. Maly Socheata said in a statement.

"Therefore, Cambodia continues to urge the Thai side to promptly repatriate the remaining personnel in accordance with international humanitarian law," she added.

**Xinhua**

# 5.9-magnitude quake hits 172 km SE of Vilyuchinsk, Russia -- USGS

BEIJING August 1

An earthquake with a magnitude of 5.9 jolted 172 km SE of Vilyuchinsk, Russia at 1157 GMT on Friday, the U.S. Geological Survey said.

The epicenter, with a depth of 23.6 km, was initially determined to be at 51.74 degrees north latitude and 160.03 degrees east longitude.

**Xinhua**

# 5 policemen killed in attack by armed bandits in Pakistan's Punjab

ISLAMABAD August 1

At least five policemen were killed in an overnight attack by armed bandits on a police checkpoint in Pakistan's eastern province of Punjab, police said on Friday.

The incident took place in Rahim Yar Khan district, where dozens of heavily armed assailants targeted a checkpoint manned by Elite Force personnel, police spokesperson Irfan Ali Samo said.

"The bandits equipped with modern weapons attacked the post under the cover of darkness, killing our brave officers," Samo, who also serves as the District Police Officer, told the media.

Police forces swiftly responded to the assault, with additional contingents and armored vehicles dispatched to the area.

"We have sealed all routes leading to the bandits' hideouts, and an intensive operation is underway," Samo said.

Search operations continue in the surrounding areas, with security forces deploying heavy weaponry and armored support to apprehend the remaining attackers.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Neurologist issues warning about popular post-exercise practice: 'It could trigger a stroke'

A leading neurologist has issued an urgent warning over using a massage gun to relieve neck tension as this could trigger a potentially life-threatening stroke.

Dr Baibing Chen, from the University of Michigan shared the warning with his 163,000 Instagram followers, stating that this is one of three common activities he would never do to protect his brain health.

In the video, which has been viewed over 8million times, he also urged his followers to stop blasting loud music through headphones and warned against holding in a sneeze.

'I would never use a massage gun on my neck,' the neurologist said.




'This is because the vertebral and carotid arteries in the neck are vulnerable to damage from the repetitive shear forces from a massage gun.'

These arteries make up a vital part of the circulatory system and supply the brain with blood and life-giving oxygen.

Dr Chen added that this repetitive damage can increase the risk of an artery tearing, encouraging the formation of blood clots, restricting blood flow and triggering a stroke.

A stroke is a serious medical event that can cause permanent brain damage or even death.

Dr Chen added that using a muscle gun with direct pressure can also dislodge hidden plaques that line the artery wall.

'This can cause a clot to travel to the brain and lead to an ischemic stroke.'

This happens when a blockage cuts off blood supply to part of the brain.

According to the NHS, around a quarter of strokes in the UK are caused by a narrowing or blockage of the carotid arteries.


The main symptoms of a stroke can happen suddenly and include facial weakness where one side of the face may fall making it hard to smile; arm weakness which impacts a person's ability to lift both arms; and speech problems.

Anyone who thinks they are having a stroke are urged to call 999 immediately.

Other symptoms include weakness or numbness down one side of the body, blurred vision, confusion and memory loss, headaches and nausea or vomiting.

Stroke is a leading global cause of death and disability.

There are more than 100,000 strokes in the UK each year, about one every five minutes.For this reason, Dr Chen also warned against holding in a sneeze.




He said: 'This is because sneezing generates high internal pressure that's higher than car tire pressure.

'Holding [a sneeze] in forces this pressure into delicate areas and may lead to ruptured ear drums, torn throat tissues and even air leaking into the chest.

'In rare cases the sudden spike in pressure can rupture blood vessels in the brain leading to subarachnoid hemorrhage or intracerebral bleeding—especially in individuals with aneurysms or weakened arteries.'

This type of hemorrhage is an uncommon type of stroke caused by bleeding on the surface of the brain which can be fatal.

In this instance, there are usually no warning signs but according to the NHS this type of stroke can happen during physical effort or straining, such as coughing, holding in a sneeze or lifting something heavy.

Common symptoms include a sudden excruciating headache, stiff neck, nausea and vomiting, sensitivity to light, blurred vision, typical stroke-like symptoms and loss of consciousness.

A subarachnoid haemorrhage is considered a medical emergency.

Finally, Dr Chen advised turning down the volume before plugging in headphones.

'Loud music isn't just bad for your ears it's actually bad for your brain as well,' he said.

Tackling hearing loss early could delay the development of dementia for a number of years, promising new research suggested this year.

Studies have long suggested that around four in 10 cases of the memory-robbing condition could be preventable.

Now experts believe that up to a third of cases could be attributed to hearing loss.

'This is because when the brain struggles to process sound it reallocates resources away from memory and thinking, increasing cognitive decline,' Dr Chen explained.

Dementia affects around 982,000 people in the UK and studies show that those with untreated hearing problems may be up to give times more likely to develop the condition.

'Sounds over 85 decibels, similar to city traffic, can cause damage over time whereas exposure to 100 plus decibels, like a concert or many earbuds at max volume can cause permanent hearing loss in as little as 15 minutes,' he added.

**Mail Online**

# အာကာသခရီးသွားလုပ်ငန်းကို အပြောင်းအလဲဖြစ်စေမယ့်ပေါင်းစည်းမှု



Spaceship Neptune ဆိုတာ အာကာသခရီးသွားလုပ်ငန်းကို အပြောင်းအလဲဖြစ်စေခဲ့တဲ့ မိုးပျံပူဖောင်းပုံစံအာကာသယာဉ်တစ်မျိုးဖြစ်ပါတယ်။ အာကာသခရီးသွားလိုတဲ့ ခရီးသည်တွေကို Spaceship Neptune နဲ့တင်ဆောင်ပြီး အာကာသအစွန်းတစ်ဖက်ဆီ ခရီးနှင်ခြင်းအားဖြင့် သူမတူတဲ့အာကာသအတွေ့အကြုံတွေကို ပေးစွမ်းနိုင်စေမှာပါ။ ဒီလိုမျိုး အာကာသခရီးသွားလုပ်ငန်းကို အပြောင်းအလဲဖြစ်အောင်ဖန်တီးခဲ့သူက Space Perspective ဆိုတဲ့ အမေရိကန်နိုင်ငံအခြေစိုက် အာကာသခရီးသွားလုပ်ငန်းကုမ္ပဏီဖြစ်ပါတယ်။

Space Perspective ကုမ္ပဏီက ပြီးခဲ့တဲ့နှစ်မှာ Space Neptune ဆိုတဲ့ မိုးပျံပူဖောင်းကို လက်တွေ့စမ်းသပ်ပျံသန်းမှုလုပ်ခဲ့ပါတယ်။ အဲဒီစမ်းသပ်မှုမှာ Space Neptune က ကောင်းကင်ပေါ်ကိုဖြည်းဖြည်းချင်းတက်သွားပြီး လိုက်ပါစီးနင်းသူတွေက ကမ္ဘာမြေရဲ့အလှကို တစ်ဝကြီးကြည့်ရှုခံစားကာ နောက်ဆုံးမှာ အာကာသဟင်းလင်းပြင်ကြီးကိုပါ မြင်တွေ့နိုင်စေမယ့်အတွေ့အကြုံ ရရှိစေနိုင်တယ်ဆိုတာကို တွေ့လိုက်ရပါတယ်။ တစ်နည်းပြောရရင် စမ်းသပ်မှုက အောင်မြင်တယ်ပေါ့။

နောက်ပိုင်းမှာ Space Perspective က သူတို့အနေနဲ့ အာကာသထဲမှာ ခမ်းနားတဲ့ညစာစားပွဲကို စီစဉ်ပေးနိုင်တယ်လို့ ကြေညာခဲ့ပါတယ်။ ညစာစားပွဲလုပ်ပေးမယ့်နေရာက ကမ္ဘာမြေပြင်အထက် မီတာ ၃၀၄၈၀ မှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း Space Perspective က ဒီစီမံကိန်းကိုဆက်မလုပ်နိုင်ခဲ့ပါဘူး။ အဓိကကတော့ အသုံးစရိတ်မတတ်နိုင်တော့တာပါ။ အခုတော့ စပိန်နိုင်ငံအခြေစိုက် Eos X Space ကုမ္ပဏီက တစ်ချိန်ကပြိုင်ဘက်တွေဖြစ်ခဲ့တဲ့ Space Perspective ကိုလက်လွှဲယူတော့မယ်လို့ ကြေညာလိုက်ပါတယ်။ ဒီလိုလက်လွှဲယူမှုဖြစ်ပေမယ့်လည်း Space Perspective အနေနဲ့ သူ့ရဲ့မူလရည်မှန်းချက်ကိုသာ ဆက်လက်အကောင်အထည်ဖော်ရမှာပါ။

လက်ရှိမှာ Blue Origin နဲ့ Virgin Galactic တို့က အာကာသထဲသို့ ခရီးသွားတွေ စေလွှတ်ပေးနေတာရှိပါတယ်။ ဒါပေမဲ့ သူတို့စေလွှတ်မှုက ဒုံးပျံတွေ၊ အာကာသယာဉ်တွေကိုအသုံးပြုပြီး စေလွှတ်နေတာပါ။ ဒီအတွက် ခရီးသွားတွေအနေနဲ့ အာကာသခရီးသွားမှုအတွေ့အကြုံတစ်ခုတည်းကိုသာ ရရှိစေတာဖြစ်ပါတယ်။

မိုးပျံပူဖောင်းအသုံးပြုတဲ့ အာကာသခရီးသွားလုပ်ငန်းကျတော့ ခရီးသွားတွေကိုမတူညီတဲ့အမြင်တွေပေးစွမ်းနိုင်တဲ့အတွက် နောင်မှာအလားအလာရှိတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ လက်ရှိမှာတော့ လူတစ်ဦးစာနေရာကို အမေရိကန်ဒေါ်လာ ၁၂၅၀၀၀ ကျသင့်နေရပေမယ့် အခုလိုမျိုးကုမ္ပဏီတွေပေါင်းစည်းမှုက ကုန်ကျစရိတ်ကိုသက်သာစေပြီး ဒီလိုခရီးသွားလုပ်ငန်းကို ပိုမိုတွင်ကျယ်လာစေဖွယ်ရှိမယ်လို့ ကုမ္ပဏီတွေရဲ့ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားတာတွေ့ရပါတယ်။

**Ref: IE**

**ကိုထက်**

# အင်္ဂါဂြိုဟ်ဆီပစ္စည်းများပို့ဖို့ အဆင့်မြင့်ထားတဲ့ အသံထက်မြန်လေထီး





NASA မှ သုတေသနပညာရှင်များက အသံထက်မြန်လေထီးများထွက်ပေါ်လာစေရေးအတွက် သုတေသနများကို အဆင့်ဆင့်ပြုလုပ်နေပါတယ်။ သူတို့ရဲ့သုတေသနထဲမှာ အဆင့်မြင့်အာရုံခံကိရိယာတွေတပ်ဆင်ပြီး ပိုမိုအားကိုးယုံကြည်နိုင်တဲ့အပြင် ပိုမိုဘေးကင်းစိတ်ချရတဲ့ လေထီးတွေထွက်ပေါ်လာစေဖို့ လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။ အခုလိုမျိုးအဆင့်မြင့်လေထီးများကို တီထွင်ဖန်တီးနေရတဲ့ရည်ရွယ်ချက်ကတော့ အင်္ဂါဂြိုဟ်ဆီကို သိပ္ပံဆိုင်ရာပစ္စည်းကိရိယာများနဲ့ ကုန်ပစ္စည်းများပေးပို့နိုင်ဖို့အတွက်ဖြစ်ပါတယ်။

အခုဆိုရင် NASA က လက်တွေ့စမ်းသပ်ပျံသန်းမှုတွေကိုတောင်မှ လုပ်ဆောင်နေတာကိုတွေ့ရပါတယ်။ အဲဒီလက်တွေ့စမ်းသပ်မှုမှာ ပန်ကာဒလက်လေးခုပါတဲ့လေယာဉ် သို့မဟုတ် ဒရုန်းဆီမှ ကိုယ်ထည်တစ်ခုကိုလွှတ်ထုတ်လိုက်ပါတယ်။ အဲဒီကိုယ်ထည်ထဲမှာ အာရုံခံကိရိယာတပ်ဆင်ထားတဲ့ လေထီးတစ်ခုပါပါတယ်။ အာရုံခံကိရိယာက ဆွဲအားကိုတိုင်းတာတာပါ။ သူ့ရဲ့တိုင်းတာမှုကနေရရှိလာတဲ့ အချက်အလက်တွေက နောက်တစ်ဆင့်စမ်းသပ်မှုတွေလုပ်ဖို့အတွက် အရေးပါပါတယ်။

NASA အနေနဲ့ အရင်တုန်းကလည်း ဒီလိုအသံထက်မြန်လေထီးကိုအသုံးပြုဖူးပါတယ်။ ၂၀၂၁ ခုနှစ်တုန်းကပါ။ အဲဒီအချိန်တုန်းက ပြဿနာများစွာနဲ့အတူ အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရပါတယ်။ ဒီအတွက်ကြောင့် အခုတစ်ခေါက်မှာ NASA မှ သုတေသနပညာရှင်များက အသံထက်မြန်လေထီးကိုအဆင့်မြှင့်တင်မှုတွေပိုမိုလုပ်ဆောင်ပြီး လက်တွေ့စမ်းသပ်လာတာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# အသံထက်ငါးဆမြန်တဲ့နှုန်းနဲ့ ပြေးလမ်းမှပျံတက်မယ့် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဂျက်လေယာဉ်

ဥရောပအာကာသအေဂျင်စီ (ESA) က သုတေသနစီမံကိန်းတစ်ခုကို စတင်လိုက်ပါပြီ။ အဲဒီစီမံကိန်းက အသံနှုန်းလွန်ဖြစ်တဲ့ အမြန်နှုန်းနဲ့ ဂျက်လေယာဉ်တစ်စင်းပျံတက်နိုင်စေမယ့်နည်းပညာကို ဖော်ထုတ်ဖို့ဖြစ်ပါတယ်။ သူတို့ရဲ့သုတေသနအစီအစဉ်ကို Invictus လို့အမည်ပေးထားပါတယ်။ Invictus ကနေထွက်ပေါ်လာမယ့် အရာတစ်ခုက တစ်နာရီကိုမိုင်ပေါင်း ၃၈၃၆ မိုင်နှုန်းနဲ့ပျံသန်းနိုင်စေမယ့် အကြိမ်ကြိမ်ပြန်သုံးနိုင်တဲ့ယာဉ်တစ်မျိုးဖြစ်ပါတယ်။

ပုံမှန်အားဖြင့်ဆိုရင် အာကာသထဲကို အသံနှုန်းလွန်အမြန်နှုန်းနဲ့ပျံသန်းနိုင်မယ့်ယာဉ်တွေက ဒေါင်လိုက်ပျံတက်တဲ့ယာဉ်တွေသာဖြစ်ပါတယ်။ ဒါကို ဥရောပအာကာသအေဂျင်စီက ပြောင်းလဲလိုတာဖြစ်တဲ့အတွက် အခုစီမံကိန်းကိုအကောင်အထည်ဖော်နေတာပါ။ ဒီနေရာမှာ အသံနှုန်းလွန်ယာဉ်များရင်ဆိုင်ရလေ့ရှိတဲ့ စိန်ခေါ်မှုများစွာရှိပါတယ်။ အဲဒီထဲကမှတစ်ခုက ယာဉ်ရဲ့အပြင်ဘက်မျက်နှာပြင်သာမက ယာဉ်ရဲ့အင်ဂျင်အတွင်းကိုလည်း လေပူတွေတိုးဝင်ခြင်းဖြစ်ပါတယ်။

လေပူတွေတိုးဝင်လာမှုဒဏ်ကိုခံနိုင်ရည်ရှိစေဖို့အတွက် သုတေသနပညာရှင်များက အထူးပြုလုပ်ထားတဲ့နည်းပညာကိုအသုံးချဖို့ ရည်ရွယ်ထားပါတယ်။ တစ်ချိန်တည်းမှာပဲ အသံနှုန်းလွန်အမြန်နှုန်းနဲ့ပျံသန်းနိုင်စေမယ့် နည်းပညာကိုလည်း ပညာရှင်များက ဖန်တီးကြပါတယ်။ အထူးခြားဆုံးကတော့ အင်ဂျင်အတွက် သမားရိုးကျလောင်စာတွေထက် ဟိုက်ဒရိုဂျင်စွမ်းအင်ကိုအသုံးပြုထားခြင်းဖြစ်တယ်လို့ ESA ကထုတ်ပြန်ထားပါတယ်။

**Ref: IE**

**ကိုထက်**



# မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံက အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်သွားမည်ဟုဆို




**ပေကျင်း၊ သံတမန်ရေး**

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံသည် အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကောကျားခွန်းက ဇူလိုင်လ ၃၁ ရက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ပြောသည်။


သတင်းစာရှင်းလင်းပွဲ၌ AFP သတင်းဌာနမှ သတင်းထောက်တစ်ဦးက မြန်မာနိုင်ငံတွင် အရေးပေါ်အခြေအနေထုတ်ပြန်ထားခြင်းကို ရုပ်သိမ်းမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ သဘောထားအမြင်ကို မေးမြန်းစဉ် ကောကျားခွန်းက ယခုကဲ့သို့ ထည့်သွင်းပြောခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ မိတ်ဆွေနှင့်အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အနီးကပ်လေ့လာစောင့်ကြည့်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့၏ အမျိုးသားရေးအခြေအနေများနှင့်အညီဖြစ်သော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကိုလျှောက်လှမ်းရာတွင် တည်ငြိမ်အေးချမ်းရေးကိုထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းစွာပြန်လည်သင့်မြတ်ရေးကို သဘောပေါက်နားလည်ခြင်းနှင့် ပြည်တွင်းနိုင်ငံရေးလုပ်ငန်းစဉ်ကို မရပ်မနားရှေ့တိုးဆောင်ရွက်လာခြင်းတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံကို တရုတ်နိုင်ငံက အားပေးထောက်ခံကြောင်း၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့် ကွဲပြားခြားနားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများမူဘောင်အတွင်းမှနေ၍ နိုင်ငံရေးနည်းလမ်းများဖြင့် သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ဖြေရှင်းနေမှုကိုလည်း တရုတ်နိုင်ငံကကြိုဆိုကြောင်း ကောကျားခွန်းက ပြောသည်။

အလားတူ တရုတ်နိုင်ငံသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြု ဟူသော အခြေခံသဘောတရားကို စွဲကိုင်ထားကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပါတီများ၏လိုအပ်ချက်အပေါ်မူတည်၍ ငြိမ်းချမ်းရေးအတွက်ဆွေးနွေးမှုများကို ဆက်လက်အားပေးမြှင့်တင်သွားရန်လည်းအသင့်ရှိနေကြောင်း ကောကျားခွန်းကပြောထားသည်ဟုသိရသည်။

Ref: FMPRC

# နယ်စပ်အရေးဆွေးနွေးရန် ထိုင်းနိုင်ငံ၏ကမ်းလှမ်းမှု ကမ္ဘောဒီးယားကြိုဆို



**ဖနွမ်းပင်၊ ငြိမ်းချမ်းရေး**

လာမည့်သီတင်းပတ်တွင် မလေးရှားနိုင်ငံ၌ နှစ်နိုင်ငံနယ်စပ်အရေးဆွေးနွေးရန် ထိုင်းနိုင်ငံ၏ကမ်းလှမ်းမှုကို ကမ္ဘောဒီးယားနိုင်ငံကကြိုဆိုကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ်လ ၁ ရက်တွင်ပြောသည်။

နှစ်နိုင်ငံကြား အထွေထွေနယ်စပ်ရေးရာကော်မတီအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပရန် ထိုင်းနိုင်ငံက အဆိုပြုလာမှုအပေါ် ကမ္ဘောဒီးယားအစိုးရကကြိုဆိုကြောင်း၊ အဆိုပါအစည်းအဝေးသည် များစွာအပြုသဘောဆောင်ပြီး အကျိုးများသောရလဒ်များထွက်ပေါ်လာစေမည်ဟုယုံကြည်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီးမာလီဆိုချီတာက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ယင်းအစည်းအဝေးသို့ ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးနှင့် ထိုင်းဒုတိယကာကွယ်ရေးဝန်ကြီးတို့တက်ရောက်သွားမည်ဖြစ်ကြောင်း မာလီဆိုချီတာက ဆက်ပြောသည်။ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ဇူလိုင်လ ၂၈ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိထားကြောင်း သိရသည်။

Ref: Xinhua

# ကမ္ဘောဒီးယားက ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် ထရမ့်ကို အမည်တင်သွင်းမည်

**ဖနွမ်းပင်၊ ဆက်ဆံရေး**

ကမ္ဘောဒီးယားနိုင်ငံသည် ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို အမည်စာရင်းတင်သွင်းသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဒုတိယဝန်ကြီးချုပ် ဆန်ချန်သောက ဩဂုတ်လ ၁ ရက်တွင်ပြောသည်။

ထရမ့်အနေဖြင့် ငြိမ်းချမ်းရေးကိုဆောင်ကြဉ်းလာသည့်အတွက် ကမ္ဘောဒီးယားက ကျေးဇူးတင်ကြောင်း၊ ထို့အတွက်ကြောင့် ထရမ့်သည် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရရှိရန်ထိုက်တန်သူဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က သတင်းထောက်များကို ပြောသည်။

အလားတူ ပါကစ္စတန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့ကလည်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် ဇူလိုင်လတွင် အမည်စာရင်းတင်သွင်းထားကြောင်း တာဝန်ရှိသူများက ပြောသည်ဟု သိရသည်။

Ref: TST

## သတင်းတိုကဏ္ဍ

# ဆေးဝါးကုမ္ပဏီ ၁၇ ခုအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း ဆေးဝါးဈေးနှုန်းများကိုလျှော့ချရန် ထရမ့်ဖိအားပေး

အမေရိကန်နိုင်ငံရှိ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ၁၇ ခုအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း ဆေးဝါးဈေးနှုန်းများကိုလျှော့ချရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖိအားပေးထားကြောင်းသိရသည်။

ဒေါ်နယ်ထရမ့်က ဇူလိုင်လ ၃၁ ရက်တွင် ထိုဆေးဝါးကုမ္ပဏီများ၏အမှုဆောင်အရာရှိချုပ်များထံစာပေးပို့ပြီး အစိုးရ၏တောင်းဆိုမှုကိုလိုက်နာရန်နှင့် လိုက်နာမှုမရှိပါက အရေးယူခံရမည်ဟု သတိပေးထားခြင်းဖြစ်သည်။

ထရမ့်သည် နိုင်ငံ့အကျိုးဦးစားပေးအစီအစဉ်ဟုခေါ်သောမူဝါဒကို မေလတွင်ပြန်လည်ချမှတ်ပြီးနောက် ယခုကဲ့သို့ဆေးဝါးဈေးနှုန်းများလျှော့ချရန် ဆေးဝါးကုမ္ပဏီများကိုဖိအားပေးလာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံရှိ ပြည်သူများအနေဖြင့် ကျန်းမာရေးကုသမှုခံယူရာ၌ အခြားဖွံ့ဖြိုးပြီးနိုင်ငံများထက် ကုန်ကျစရိတ်ပိုမိုသက်သာစေရန်ရည်ရွယ်ကာ ထရမ့်က ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

Ref: Xinhua

# ရုရှားနိုင်ငံက ဘယ်လာရုစ်နိုင်ငံ၏လုံခြုံရေးကို အာမခံချက်ပေးထားဟု လူကာရှန်ကိုပြော

ရုရှားနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံ၏ လုံခြုံရေးကို အာမခံချက်ပေးထားကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးသည် ရုရှားနိုင်ငံနှင့်မိတ်ဖက်ဆက်ဆံမှုအပေါ်မူတည်နေကြောင်း ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန်ကိုက ဇူလိုင်လ ၃၁ ရက်တွင်ပြောသည်။

နှစ်နိုင်ငံကြားဆက်ဆံရေး၏ အခြေခံအုတ်မြစ်သည် သမိုင်းကြောင်း၊ စီးပွားရေးနှင့်ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးဖြစ်ကြောင်း၊ အကယ်၍ ရုရှားနိုင်ငံ၏ကူညီမှုသာမရှိပါက ဘယ်လာရုစ်နိုင်ငံအနေဖြင့် ထွက်ပေါက်ပိတ်နေမည်ဖြစ်ကြောင်း လူကာရှန်ကိုက သံအမတ်ကြီးများနှင့် တွေ့ဆုံစဉ်ပြောသည်။

အလားတူ အနောက်အုပ်စုနိုင်ငံများက ဘယ်လာရုစ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြားဆက်ဆံရေးနှင့်ပတ်သက်၍ ပြောဆိုနေမှုများသည် ဝါဒဖြန့်မှုသက်သက်သာဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်ကြောင်းနှင့် အနောက်အုပ်စုလက်ပါးစေနိုင်ငံကဲ့သို့မဟုတ်ကြောင်း လူကာရှန်ကိုကပြောထားသည်။

Ref: RT

# ဗီယက်နမ်မြောက်ပိုင်း၌ ရေကြီးမှုများကြောင့် ပျောက်ဆုံးသူနှင့် သေဆုံးသူ ၁၄ ဦးရှိ

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ဖြစ်ပွားလာသောရေကြီးမှုများကြောင့် ပျောက်ဆုံးသူနှင့် သေဆုံးသူ ၁၄ ဦးရှိကြောင်း နိုင်ငံပိုင်သတင်းဌာနက ဩဂုတ်လ ၁ ရက်တွင် ဖော်ပြထားသည်။

နာရီပေါင်းများစွာကြာ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဇူလိုင်လ ၃၁ ရက်ညပိုင်းတွင် ရေများမြန်ဆန်စွာတက်လာခြင်းဖြစ်ကြောင်း၊ အချို့ဒေသရှိ လူနေအိမ်များရေလွှမ်းမိုးခံရကြောင်း၊ ရုတ်တရက်ရေကြီးမှုကြောင့် တောင်ပေါ်ဒေသ၌ မြေပြိုမှုများဖြစ်ပွားကြောင်း Tien Phong သတင်းစာက ဖော်ပြထားသည်။

တောင်ပေါ်ကျေးရွာတစ်ရွာဖြစ်သည့် ဆာဆုန်ကျေးရွာသည် သေဆုံးသူတစ်ဦးနှင့်ပျောက်ဆုံးသူ ခြောက်ဦးဖြင့် ထိခိုက်မှုအများဆုံးဖြစ်ကြောင်း၊ ရေကြီးမှုကြောင့် လမ်းများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများမှာလည်း ပြတ်တောက်နေကြောင်း တာဝန်ရှိသူများက ပြောသည်ဟုသိရသည်။

Ref: TST

# ဥရောပက နောက်တစ်ကြိမ်အပူလှိုင်းကိုရင်ဆိုင်ရန် ပြင်ဆင်နေရ

ဥရောပဒေသသည် နောက်တစ်ကြိမ်အပူလှိုင်းဖြစ်ပေါ်မှုနှင့်ရင်ဆိုင်ရန် ပြင်ဆင်နေရပြီဖြစ်ကြောင်း၊ ယခုတစ်ကြိမ်တွင် အပူချိန်သည် စံချိန်တင်မြင့်မားနိုင်ခြေရှိကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။

လက်ရှိတွင် ဥရောပဒေသက အေးမြသည့်ရာသီဥတုကိုခံစားနေရသော်လည်း ဩဂုတ်လလယ်ပိုင်းတွင် အပူချိန်မြင့်တက်မှုနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့အပူချိန်မြင့်တက်စဉ် စပိန်နိုင်ငံတောင်ပိုင်း၌ နေ့အပူချိန်များသည် ၄၂ ဒီဂရီစင်တီဂရိတ်အထိရှိမည်ဖြစ်ကြောင်း၊ ထိုအပူချိန်သည် ပုံမှန်ထက် ၁၀ ဒီဂရီမြင့်တက်နေခြင်းဖြစ်ကြောင်း စပိန်မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ယခုကဲ့သို့ အပူလှိုင်းများ ခပ်စိပ်စိပ်ဖြစ်ပေါ်မှုနှင့်ရင်ဆိုင်နေရခြင်းဖြစ်ပြီး ပြည်သူသန်းပေါင်းများစွာ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်နေကြောင်း၊ ပြီးခဲ့သည့်သီတင်းပတ်တွင် တူကီယဲနိုင်ငံသည် အပူချိန် ၅၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ဖြင့် စံချိန်တင်ထားကြောင်းသိရသည်။

Ref: TST

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၄ /၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ရုံး၊ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခင်လတ် | အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး |
| (၂) | ဦးထင်ကျော်သူ | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| (၃) | ဦးအောင်ကျော်ထွန်း | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၄) | ဦးအောင်မြိုင် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) | ဗိုလ်ချုပ်ကိုလေး | ကာကွယ်ရေးဝန်ကြီးဌာန |
| (၆) | ဗိုလ်ချုပ်အောင်ကျော်ကျော် | ပြည်ထဲရေးဝန်ကြီးဌာန |
| (၇) | ဒေါ်သန်းသန်းလင်း | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၈) | ဦးဟန်ဝင်းအောင် | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၉) | ဦးနိုင်မင်းကျော် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၀) | ဦးကိုကိုကျော် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၁) | ဗိုလ်ချုပ်ဖြိုးသန့် | နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၁၂) | ဦးရဲတင့် | ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၃) | ဗိုလ်ချုပ်ဇော်မင်းထွန်း | ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၄) | ဦးအေးထွန်း | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၅) | ဒေါ်နုမြဖံ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၆) | ဒေါက်တာအောင်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၁၇) | ဒေါက်တာတင်ထွဋ် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၁၈) | ဦးဗိုလ်ဗိုလ်ကျော် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၁၉) | ဦးမင်းသူ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂၀) | ဦးအေးကျော် | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၂၁) | ဦးသန့်စင် | စွမ်းအင်ဝန်ကြီးဌာန |
| (၂၂) | ဦးဌေးလှိုင် | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂၃) | ဦးဝင်းရှိန် | အလုပ်သမားဝန်ကြီးဌာန |
| (၂၄) | ဦးမင်းမင်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၅) | ဦးကျော်ရွှေထွန်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၆) | ဒေါက်တာဇော်မြင့် | ပညာရေးဝန်ကြီးဌာန |
| (၂၇) | ဦးနေမျိုးလှိုင် | ပညာရေးဝန်ကြီးဌာန |
| (၂၈) | ဒေါက်တာအောင်ဇေယျ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂၉) | ဒေါက်တာအေးထွန်း | ကျန်းမာရေးဝန်ကြီးဌာန |
| (၃၀) | ဦးဇင်မင်းထက် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၁) | ဦးထိန်လင်း | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၂) | ဦးမျိုးမြင့် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၃၃) | ဒေါက်တာသန်းစိုး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (၃၄) | ဦးဖြိုးဇော်စိုး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| (၃၅) | ဦးဇော်အေးမောင် | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၁၀ /၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏**

**ဗဟိုအကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစောထွန်းအောင်မြင့် | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသိန်းညွန့် | အဖွဲ့ဝင် |
| (၃) | ဦးခင်မောင်ဆွေ | အဖွဲ့ဝင် |
| (၄) | ဒေါ်အေးနုစိန် | အဖွဲ့ဝင် |
| (၅) | စောဒန်နီယယ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာဗညားအောင်မိုး | အဖွဲ့ဝင် |
| (၇) | ဒေါက်တာမောင်မောင်နိုင် | အဖွဲ့ဝင် |
| (၈) | ဦးရွှေကြိမ်း | အဖွဲ့ဝင် |
| (၉) | ဦးရန်ကျော် | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ခွဲဘူ | အဖွဲ့ဝင် |
| (၁၃) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာမှုထန် | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာဘရွှေ | အဖွဲ့ဝင် |
| (၁၆) | ခွန်စံလွင် | အဖွဲ့ဝင် |

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

# စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များငှားရမ်းပေး

နေပြည်တော် ဩဂုတ် ၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူလက်ဝယ်အရောက် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဆောင်ရွက်ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်စေရေး၊ စာပေမှရရှိသည့်အသိပညာဗဟုသုတများတိုးပွားစေရေးနှင့် စာပေဖတ်ရှုသည့် အလေ့အထများရရှိစေရေး ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

ဆက်လက်၍ ရပ်ကွက်/ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများအရောက် လိုက်လံငှားရမ်းပေးခြင်းအပြင် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(၄၁၃)

◆ ကျောဖုံးမှအဆက်

တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

(အမျိုးသား)နှစ်ယောက်တွဲအဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး)နှစ်ယောက်တွဲ အဖွဲ့လိုက်အကြိုဗိုလ်လုပွဲပွဲစဉ်များတွင်ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ထို့နောက် (အမျိုးသား)နှစ်ယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသား)နှစ်ယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ယင်းနောက်(အမျိုးသား)သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကိုယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကိုနှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၂ ရက် **(ယနေ့)**နံနက် ၉ နာရီမှစတင်၍ (အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကိုးသိန်းအားကစားရုံ၌ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ရှိ ယာယီရေဘေးရှောင်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်



ဘားအံ ဩဂုတ် ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့နယ် ကမေ့ကချူးကျေးရွာရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော Cyclone Shelter ၌ ဖွင့်လှစ်ထားသော ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်အိမ်ထောင်စုများ၊ လှိုင်းဘွဲ့မြို့နယ်မြေခံတပ်နယ်ခန်းမရှိရေဘေးသင့်မိသားစုဝင်များ၊ ဘားအံမြို့ လှာကမြင်ကွက်သစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများနှင့် ဘားအံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် လှိုင်းဘွဲ့မြို့(ဃ)ရပ်ကွက် အနိမ့်ပိုင်းရှိ လူနေအိမ်များအတွင်း ရေများဝင်ရောက်နေမှုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဘေးလွတ်ရာကယ်ဆယ်ရေးစခန်းများသို့ ယာယီပြောင်းရွှေ့နေရာချထားပေးနေမှု၊ ဘားအံမြို့၏ အနိမ့်ပိုင်း အမှတ်(၅)ရပ်ကွက် အောင်နန်း၊ အမှတ်(၁) ရပ်ကွက် အုပ်ဖို၊ အမှတ်(၂)ရပ်ကွက် ဆယ်အိမ်စုတို့တွင် ရေကြီးရေလျှံနေမှု၊ လူနေအိမ်များအတွင်း ရေဝင်ရောက်မှု၊ နေအိမ်များအားစွန့်ခွာ၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက် နေထိုင်မှုအခြေအနေများကို စက်တပ်လှေငယ်များဖြင့် လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ကရင်ပြည်နယ်အတွင်း ရေဘေးစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ယနေ့အချိန်ထိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၅၉ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၇၂၅၃ စု၊ လူဦးရေ ၃၂၂၂၇ ဦးတို့အား ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အိမ်ထောင်စု ၂၇၄၈ စု၊ လူဦးရေ ၁၁၅၇၅ ဦးအတွက် ဆန်ရိက္ခာနှင့်ခေါက်ဆွဲခြောက်ဖိုးငွေကျပ် ၅၈၇၆၈၂၅၀ (ငါးရာရှစ်ဆယ့်ခုနစ်သိန်းခြောက်သောင်းရှစ်ထောင်နှစ်ရာ့ငါးဆယ်ကျပ်)ကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ကျန်ရှိသည့်အိမ်ထောင်စုများကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါရုံး ယာယီဝန်ထမ်းအိမ်ရာ(၁)၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယာယီဝန်ထမ်းအိမ်ရာ (၁)ရှိ သတ်မှတ်နေရာ၌ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး၍ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ကံ့ကော်ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများက သရက်၊ အုန်းချို၊ ပိန္နဲ၊ ကံ့ကော်၊ ခရေ စသည့် အရိပ်ရ နှစ်ရှည်ပင်များနှင့် စက္ကူပန်းပင်၊ နှယ်သာကီ၊ ပန်းအိနှင့် ခရာဝါစသည့် ပန်းအလှပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်၁၂၀ နှင့် ပန်းအလှပင်၂၀၀ စိုက်ပျိုးခဲ့ကြပြီး လမ်းဘေးဝဲ/ယာနှင့်အိမ်ရာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဝန်ထမ်းနှင့်မိသားစုများ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရေး ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်တာဝန်ရှိသူများသည် ငလျင်ဒဏ်ခံခဲ့ရသည့် ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများအား Container House များတွင် နေရာချထားမှုနှင့် အခြေချ နေထိုင်မှု၊ လျှပ်စစ်မီးနှင့် သောက်သုံးရေသွယ်တန်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “@myogyi4665” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၂)ရပ်ကွက် (မြောက်)နေ လှဦးအား မွန်းလွဲ ၁ နာရီခွဲတွင် သာကေတမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၀ | ၂၈၉၅ | ၂၉၆၀ | ၂၈၉၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၅၀ | ၄၅၀၅ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၂၅ | ၃၂၈၅ |
| 95 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၅ | ၃၃၄၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၂၅ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |
| HSD (10 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၅ | ၂၈၀၃ |
| 95 Ron | ၂၇၆၉ | ၂၈၅၈ |
| HSD (500 ppm) | ၂၅၅၂ | ၂၆၃၃ |
| HSD (50 ppm) | ၃၁၇၉ | ၃၂၇၂ |
| HSD (10 ppm) | ၃၁၇၉ | ၃၂၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရန်ကုန်-မန္တလေးကားလမ်း(ရိုးကန်-ကန်သာလမ်းပိုင်း)အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**မိတ္ထီလာ ဩဂုတ် ၁**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးလှခိုင်သည် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းအိလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေ ၃၁၆ ဒသမ ၈၃၈ သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ရန်ကန်-မန္တလေးကားလမ်း ရိုးကန်- ကန်သာလမ်းပိုင်း (စီးပွားရေးတက္ကသိုလ်အဝင်လမ်း)အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၃၀ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၌ တရားမဝင်အခြားသစ်(သုည ဒသမ ၈၇၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၂၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၃၁ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ရတနာပုံတံတား(နှာပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၁၁၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၅၂၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇူလိုင်လ ၃၁ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ **ဩဂုတ်လ ၁ ရက်**တွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၉၆၄) တန်၊ သစ်မာ (၆ ဒသမ ၀၅၃) တန်၊ အခြားသစ် (၁၄ ဒသမ ၄၃၀) တန်၊ မီးသွေး (၃ ဒသမ ၂၀၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၂၆၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၃၃၂၆၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဩဂုတ်လ ၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် (၈)လုံးထိုးအင်ဂျင် (၂)လုံး အပါအဝင် ဆက်စပ်ပစ္စည်း (၃၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၇၅၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ရွှေဘိုမြို့၊ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများနှင့် ဖြတ်စရောရာ (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀)ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၂၂၅၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၇)ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၃၁ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် (၉)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၂၆)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်၊ ၃၁ ရက်နှင့် ဩဂုတ်လ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၅၉၈၇၆၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**မြဝတီ**

# ချမ်းမြသာစည်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



တရားခံ ပြည်သိမ်း၊ စိုင်းဖြိုးမင်းနိုင်နှင့် သက်ထွဋ်ဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



တရားခံ ညီညီအောင်(ခ) ရာစင်းနှင့် ဒေါ်စိုးစိုးရီတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁**

ချမ်းမြသာစည်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၃၀ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ ၁၁၀ လမ်းတွင် ပြည်သိမ်းမောင်းနှင်ပြီး စိုင်းဖြိုးမင်းနိုင်နှင့် သက်ထွဋ်ဦးတို့ လိုက်ပါလာသည့် MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆေးပြား ၃၉၃၀ ပြား (တစ်ပြားလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၉၆၅ သိန်း)၊ စိတ်ပြောင်းဆေးဝါး(HAPPY WATER) သုည ဒသမ ၉၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့်၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၄၀) တို့ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃) ရပ်ကွက်ရှိ ပြည်သိမ်း ငှားရမ်းနေထိုင်သည့်နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်မှ စိတ်ပြောင်းဆေးဝါး(HAPPY WATER) သုည ဒသမ ၂၂ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၆၄ သိန်း)နှင့် ကက်တမင်း သုည ဒသမ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀) ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၄ နာရီခွဲတွင် သတင်းအရ တိုက်ကြီးမြို့နယ်၊ ဥပ္ပုံစုရပ်ကွက်၊ မြဝတီလမ်းရှိ ဒေါ်စိုးစိုးရီ၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီညီအောင်(ခ)ရာစင်းအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၃၂ သိန်း) ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြဝတီ**

# ဘိုင်ယန်မြူးနစ်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို လူငယ်ကစားသမားအိုလီဆီဆွတ်ခူးရရှိ



ဘာလင် ဩဂုတ် ၁

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဘိုင်ယန်မြူးနစ်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်ကစားသမား ဟယ်ရီကိန်းအား ကျော်ဖြတ်ပြီး လူငယ်ကစားသမားအိုလီဆီက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၃၁ ပွဲကစားခဲ့ပြီး ၂၆ ဂိုးသွင်းယူနိုင်ခဲ့ကာ သွင်းဂိုးအများဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံ ၅၁ ပွဲကစားပြီး ၄၁ ဂိုးသွင်းယူနိုင်သည်အထိ ခြေစွမ်းပြနိုင်ခဲ့သော်လည်း အသင်းဖော် အိုလီဆီက ဟယ်ရီကိန်းကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် အိုလီဆီသည် ပြီးခဲ့သည့်နှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အသင်းအတွက် အရေးပါသည့်သွင်းဂိုးများကိုလည်း သွင်းယူပေးနိုင်ခဲ့သည်။

အိုလီဆီသည် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၃၄ ပွဲကစားခဲ့ပြီး ၁၂ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၅ ကြိမ်ပြုလုပ်နိုင်ခဲ့သကဲ့သို့ ပြိုင်ပွဲစုံတွင်လည်း ၅၅ ပွဲအထိ ပါဝင်ကစားခဲ့ကာ သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုအကြိမ် ၂၀ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၄၀ အထိ ပြုလုပ်နိုင်ပြီးနောက် ဟယ်ရီကိန်းအား ကျော်ဖြတ်ပြီး ဘိုင်ယန်မြူးနစ်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# မန်ယူအသင်းက လိုက်ပဇစ်အသင်းမှ တိုက်စစ်ကစားသမား ဆက်ကိုအားခေါ်ယူနိုင်ရေး နယူးကာဆယ်အသင်းထက် အသာစီးရယူရန်ကြိုးပမ်းနေ

မန်ချက်စတာ ဩဂုတ် ၁

မန်ယူအသင်းက လိုက်ပဇစ်အသင်းမှ တိုက်စစ်ကစားသမား ဆက်ကိုအားခေါ်ယူနိုင်ရေး နယူးကာဆယ်အသင်းထက် အသာစီးရယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမားနှစ်ဦးဖြစ်သည့် ဝုဗ်အသင်းမှ ကွန်ဟာနှင့် ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူမိုတို့ကို ခေါ်ယူထားပြီးဖြစ်သော်လည်း လက်ရှိအပြောင်းအရွှေ့ကာလမပြီးဆုံးမီ ဆက်ကိုအားခေါ်ယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းနည်းပြအမိုရင်က အသင်းတိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့ဒ်ကို ဘာစီလိုနာအသင်းထံ အငှားစာချုပ်ဖြင့် စေလွှတ်ပြီးနောက် နောက်ထပ်တိုက်စစ်ကစားသမားများဖြစ်သည့် ဆန်ချို၊ အန်တိုနီနှင့်ဂါနာချိုတို့ကိုလည်း အငှားစာချုပ် သို့မဟုတ် အပြီးသတ်စာချုပ်ဖြင့်ရောင်းချရန် စီစဉ်ခဲ့ပြီး ဆက်ကိုအားခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှ အဓိကတိုက်စစ်ကစားသမား အီဆက်အနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန်ကြိုးပမ်းနေသည့်အတွက် ၎င်း၏နေရာ၌ ဆက်ကိုနှင့်အစားထိုးရန် အစောပိုင်းကတည်းက ကြိုးပမ်းနေသော်လည်း အီဆက်၏အပြောင်းအရွှေ့မှာ မရေမရာဖြစ်နေသည့်အတွက် ဆက်ကိုအား တရားဝင်ကမ်းလှမ်းမှုမရှိသေးသောကြောင့် မန်ယူအသင်းက လက်ဦးမှုရယူနိုင်ရန်အတွက် ယူရိုသန်း ၇၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လိုက်ပဇစ်အသင်းကလည်း အသင်းမှ အဓိကကစားသမားတစ်ဦးကို မရောင်းချသော်လည်း တိုက်စစ်ကစားသမားဆက်ကိုကိုယ်တိုင်က အသင်းမှထွက်ခွာလိုနေသည့်အတွက် ပြောင်းရွှေ့ကြေးကို အနည်းဆုံး ယူရို သန်း ၁၀၀ ခန့် အလိုရှိနေကြောင်း သိရသည်။

*Ref;Goal.com*

# ဘာစီလိုနာအသင်းက ဝေဖန်မှုများရှိနေသည့်ကြားမှ ဒီမိုကရက်တစ်ကွန်ဂိုအစိုးရနှင့် ယူရို ၄၄ သန်းတန် စပွန်ဆာစာချုပ်ချုပ်ဆို



ဘာစီလိုနာ ဩဂုတ် ၁

ဘာစီလိုနာအသင်းက ဝေဖန်မှုများရှိနေသည့်ကြားမှ ဒီမိုကရက်တစ်ကွန်ဂိုအစိုးရနှင့် ယူရို ၄၄ သန်းတန် စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုကြေညာသည်။

ဘာစီလိုနာအသင်းသည် အစောပိုင်းနှစ်များက အသင်းဘဏ္ဍာရေးပိုင်းအခက်အခဲများရှိနေပြီး အသင်းဝင်ငွေများစွာရရှိရန် လိုအပ်နေသည့်အတွက် စပွန်ဆာစာချုပ် ချုပ်ဆိုကာ အသင်းဝင်ငွေမြင့်တက်လာရန် ကြိုးပမ်းခဲ့ရာမှ လက်ရှိတွင်လည်း ဝေဖန်မှုများမြင့်တက်နေသည့်ကြားမှ ဒီမိုကရက်တစ်ကွန်ဂိုအစိုးရနှင့် စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ကွန်ဂိုအစိုးရသည် ပြည်တွင်းရေးပြဿနာများလည်းရှိနေသည့်အတွက် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသော်လည်း ဘာစီလိုနာအသင်းက ယူရို ၄၄ သန်းတန် စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့သည့်အတွက် ဝေဖန်မှုများမြင့်တက်လာခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ကွန်ဂိုအစိုးရသည် ရဝမ်ဒါနိုင်ငံအစိုးရကျောထောက်နောက်ခံအုပ်စုတစ်ခုဖြစ်သည့် Visit Rwanda ကဲ့သို့ဖြစ်ပြီး လက်ရှိတွင် Visit Rwanda ကဲ့သို့ပင် ဥရောပထိပ်တန်းဘောလုံးကလပ်အသင်းတစ်သင်းကို စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘာစီလိုနာအသင်းနည်းတူ ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အာဆင်နယ်အသင်းသည်လည်း ရဝမ်ဒါနိုင်ငံကျောထောက်နောက်ခံဖြစ်သည့် Visit Rwanda နှင့် စပွန်ဆာစာချုပ်ချုပ်ဆိုပြီးနောက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး ယခုအခါတွင်လည်း ဘာစီလိုနာအသင်းက ဒီမိုကရက်တစ်ကွန်ဂိုအစိုးရနှင့် စာချုပ်ချုပ်ဆိုခဲ့သည့်အတွက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် Visit Rwanda သည် အာဆင်နယ်အသင်းအပြင် တခြားထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့နှင့်လည်း စပွန်ဆာစာချုပ်များချုပ်ဆိုထားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ဒီမိုကရက်တစ်ကွန်ဂိုအစိုးရနှင့် စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့သည့်အတွက် ၎င်းတို့အသင်း၏ လေ့ကျင့်ရေးဝတ်စုံများတွင် ဒီမိုကရက်တစ်ကွန်ဂိုအစိုးရ၏ လိုဂိုစာတန်းကို ထည့်သွင်းဝတ်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*

# အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းမှ အီဇီးကို ခေါ်ယူရန်ကမ်းလှမ်းမှုများစတင်

လန်ဒန် ဩဂုတ် ၁

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား အီဇီးကို ခေါ်ယူရန် အာဆင်နယ်အသင်းက ကမ်းလှမ်းမှုများ စတင်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ခုတွင် အသင်းတိုက်စစ်ပိုင်းလိုအပ်ချက်များကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုများလွဲချော်ခဲ့ရကာ အဆင့်(၂)နေရာဖြင့်သာ ကျေနပ်ခဲ့ရသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို ကြီးကြီးမားမားအင်အားဖြည့်တင်းမှုများလုပ်ဆောင်နေပြီး စပို့တင်းလစ္စဘွန်းအသင်းမှ ဂျိုကီယက်စ်ကိုခေါ်ယူနိုင်ပြီးနောက် ယခုအခါ အီဇီးကိုလည်း ခေါ်ယူရန်ကြိုးပမ်းလာခြင်းဖြစ်သည်။

အီဇီးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် အာဆင်နယ်အသင်းက လက်ရှိအပြောင်းအရွှေ့ကာလအစပိုင်းကတည်းက သတင်းများထွက်ပေါ်ခဲ့ပြီး အီဇီးကိုယ်တိုင်ကလည်း ပြောင်းရွှေ့လိုသည့်အတွက် အာဆင်နယ်အသင်းက စတာလင်ပေါင် ၃၅ သန်းဖြင့် စတင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ၂၀၂၅ ခုနှစ် ဩဂုတ်လ ပထမ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၆ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၉၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၀ မီလီမီတာမှ ၂၀ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၁ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေအသီးသီးရှိနိုင်သည်။ **(မိုး/ဇလ)**

# လူငယ်စုံတွဲများကို Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်

နေပြည်တော် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၌ **လူငယ်စုံတွဲများကို Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့်ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ မောင် -----၊ ၂၆/၂၀၂၅ နှစ်နှင့် ၎င်း၏ရည်းစားဖြစ်သူ မ-----၊ ၁၈/၂၀၂၅ နှစ်တို့မှ ခင်မင်ရင်းနှီးသည့် ရွှေပြည်သာမြို့နယ်နေ မယုဝတီထံ အလုပ်လုပ်လိုကြောင်း အကူအညီတောင်းခံခဲ့ရာ မယုဝတီမှ အလုပ်ရမည်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ နဝဒေးအိမ်ရာသို့ လာရောက်ရန် ခေါ်ဆောင်သဖြင့် သွားရောက်ခဲ့ရာ နေအိမ်၌ မယုဝတီနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဇင်မင်းဦး၊ တရုတ်ဘာသာပြန် ရဲရင့်ဦး၊ တရုတ်နိုင်ငံသား ဒါရိုက်တာအားဂျယ်၊ ကြီးကြပ်သူ Lin Te၊ Sex Video ရိုက်ကူးသူ Wang Xiaofeng တို့နှင့်အတူ လူငယ်စုံတွဲ(၂)တွဲအားတွေ့ရှိခဲ့ပြီး ၎င်းတို့စုံတွဲ(၃)တွဲအား Sex Video ရိုက်ကူးသည့် အလုပ်လုပ်ကိုင်ရမည်၊ လုပ်အားခအနေဖြင့် တစ်လလျှင် ငွေကျပ် ၁၁ သိန်းမှ ၁၆ သိန်းခန့်ရရှိမည်ဟု စည်းရုံးပြောဆို၍ Sex Video (၃)ကြိမ်စီရိုက်ကူးကာ ချီထိုက် Application မှတစ်ဆင့် Live လွှင့်တင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများဖြစ်သည့် မယုဝတီနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဇင်မင်းဦး၊ တရုတ်ဘာသာပြန် ရဲရင့်ဦး၊ တရုတ်နိုင်ငံသား အားဂျယ်(တိမ်းရှောင်)၊ Lin Te နှင့် Wang Xiaofeng တို့ကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း (ပ) ၃၂၅/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)(ခ)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၃၈)၊ စစ်ခုံရုံးဥက္ကဋ္ဌက ဖမ်းမိတရားခံ (၅)ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)(ခ) အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ နဝဒေးအိမ်ရာနေ သူဇာစိုး(ခ)သူသူနှင့် ခင်ပွန်းဖြစ်သူ တရုတ်နိုင်ငံသား ရီဘော်(YIBO)တို့က ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ မ-----၊ ၂၆/၂၀၂၅ နှစ်နှင့် မ-----၊ ၂၂/၂၀၂၅ နှစ်တို့ကို တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းနေထိုင်ပါက မိဘများအား ထောက်ပံ့ပေးနိုင်မည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသား ချောင်ချုံးချွင် (Cao Qiu Quan)၊ ချန်ဟွမ့်(Chen Huan)ဆိုသူတို့နှင့် ငွေကျပ်သိန်း(၁၂၀)ဖြင့်တောင်းရမ်းလက်ထပ်ထိမ်းမြားပေးကာ သူဇာစိုး ငှားရမ်းနေထိုင်သည့် နဝဒေးအိမ်ရာ၌ အိမ်ခန်းတစ်ခန်းစီတွင် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း (ပ) ၂၆၆/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၃၈)၊ စစ်ခုံရုံးဥက္ကဋ္ဌမှ တရားခံ သူဇာစိုး(ခ)သူသူ၊ တရုတ်နိုင်ငံသား ရီဘော် (YIBO)၊ ချောင်ချုံးချွင် (Cao Qiu Quan) နှင့် ချန်ဟွမ့်(Chen Huan)တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဇော်မင်းလှ(ခ)ရဖစ်နှင့်ဇနီးဖြစ်သူ ယွန်းကာရံချိုတို့က ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေ မ-----၊ ၂၀/၂၀၂၅ နှစ်အား လူမှုကွန်ရက် Tik Tok ၌ @Baby 31.0 အကောင့်မှတစ်ဆင့် ပြည့်တန်ဆာလုပ်ကိုင်ပါက တစ်ညလျှင် ငွေကျပ်နှစ်သိန်းကျပ်ရမည်၊ တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်မယားလုပ်ကိုင်ပါက ငွေကျပ် သိန်း ၇၀ ရမည်၊ လစဉ် ငွေကျပ် ၁၀ သိန်းရမည်ဟုစည်းရုံးပြောဆို၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နေအိမ်သို့ခေါ်ယူစုဆောင်းခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ယောကျာ်းထံရောင်းစား၍ငွေကြေးအကျိုးအမြတ်များခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ သောင်ကြီးနယ်မြေရဲစခန်း(ပ) ၅၈၃/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၄၀)၊ စစ်ခုံရုံးဥက္ကဋ္ဌက တရားခံ ဇော်မင်းလှ(ခ)ရဖစ်နှင့် ယွန်းကာရံချိုတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ စံပယ်ချိုက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ မ-----၊ ၁၅/၂၀၂၅ နှစ်အား လူမှုကွန်ရက် Tik Tok မှတစ်ဆင့် တရုတ်နိုင်ငံရှိ ငါးစက်ရုံနှင့် ဆေးလိပ်စက်ရုံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ယွမ် ၃၅၀၀ မှ ၄၀၀၀ ခန့်အထိရမည်၊ သွားရောက်လုပ်ကိုင်လိုပါက လာရောက်ခေါ်ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုပြီး လိပ်စာတူနေ ဇော်မင်းလှ(ခ)ရဖစ်နှင့် ဇနီးဖြစ်သူ ယွန်းကာရံချိုတို့၏အစီအစဉ်ဖြင့် ရန်ကုန်မှ မြစ်ကြီးနားမြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ မြစ်ကြီးနားမြို့တွင် အောင်ဆန်းမှ လာရောက်ခေါ်ဆောင်ပြီး ကံပိုင်တည်မြို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ၊ ကွမ်းတုံပြည်နယ်ရှိ တရုတ်အမျိုးသား ရှောမန်ဆိုသူ၏နေအိမ်သို့ တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဇော်မင်းလှ(ခ)ရဖစ် ပါ ၄ ဦးကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း(ပ) ၃၈၅/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈ (က)ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၄၀)၊ စစ်ခုံရုံးဥက္ကဋ္ဌမှ ဖမ်းမိတရားခံ ဇော်မင်းလှ(ခ)ရဖစ်၊ ယွန်းကာရံချိုနှင့်စံပယ်ချိုတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈ (က)အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နေ သူသူဝင်း(ခ)မသူနှင့် ခင်ပွန်းဖြစ်သူ မြင့်အောင်တို့က တစ်မြို့တည်းနေ မ-----၊ ၁၇/၂၀၂၅ နှစ်နှင့် မ-----၊ ၂၄/၂၀၂၅ နှစ်တို့ကို တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ပါက ငွေကျပ်သိန်း ၈၀ ရမည်၊ ကလေးမွေးပေးရမည်၊ တစ်နှစ်စာချုပ်ချုပ်ရမည်၊ တစ်နှစ်ပြည့်ပါက ပြန်ခေါ်ပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ကာ တရုတ်ယောကျာ်းထံရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ) ၈၃/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၃၀ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သူသူဝင်း(ခ)မသူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ်တစ်ဆယ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မြင့်အောင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၇၇)ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**
င - ၅၇၆၃၄၆

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**
ဈ - ၄၄၆၀၁၁

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**
က - ၁၈၁၂၆၃

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀) ဆုများ**

ဃ - ၃၈၈၉၅၈
ခ - ၈၄၆၄၅၅

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀) ဆုများ**

ဆ - ၂၆၆၁၇၅ | စ - ၆၁၀၂၄၉
စ - ၄၆၀၇၀၆ | ဆ - ၇၅၀၆၁၇

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀) ဆုများ**

ဃ - ၁၅၃၃၁၉ | က - ၆၃၇၄၀၂ | င - ၇၄၇၄၇၀
ဇ - ၂၃၂၂၈၅ | စ - ၇၀၈၄၃၈ | ဈ - ၇၄၇၆၄၄
ဈ - ၄၅၀၉၃၅ | ဈ - ၇၄၅၈၁၄ | ဆ - ၈၅၇၅၂၉

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀) ဆုများ**

ဂ - ၁၃၈၁၂၄ | ဆ - ၄၃၄၅၆၅
ဂ - ၁၅၅၅၁၀ | ဂ - ၄၆၄၁၀၁
ခ - ၁၇၂၅၄၆ | ဃ - ၄၆၉၃၆၄
ခ - ၂၀၁၅၅၆ | စ - ၄၇၃၅၄၀
က - ၂၈၉၆၀၅ | ဈ - ၄၈၂၃၀၇
ဇ - ၃၀၆၅၃၅ | ဈ - ၇၁၉၉၄၃
ခ - ၃၄၁၂၆၈

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀) ဆုများ**

ဆ - ၁၂၆၇၈၄ | ဃ - ၂၉၆၇၂၆ | င - ၅၆၅၄၄၆
ဈ - ၁၂၈၁၀၂ | ခ - ၃၅၁၇၄၅ | စ - ၆၆၂၁၂၃
ဆ - ၁၄၆၄၆၀ | ဈ - ၃၆၁၂၁၄ | စ - ၆၉၉၇၂၂
က - ၂၄၄၅၃၉ | င - ၃၆၁၂၈၅ | စ - ၉၆၇၈၆၈
င - ၂၈၂၅၁၅ | ခ - ၄၈၆၉၈၂ | င - ၉၉၈၂၃၇
ဂ - ၂၉၁၆၆၅ | က - ၅၃၄၈၈၉

**ဆုတစ်ဆုချင်းကျပ် (၁၀) သိန်းဆုများ**

ခ - ၂၉၅၉၀၁ | ခ - ၆၄၀၉၈၅ | က - ၈၇၇၄၄၆
ဃ - ၃၁၁၇၉၅ | က - ၆၄၂၀၆၀ | ဃ - ၉၀၇၈၇၄
က - ၃၃၈၉၆၁ | ဃ - ၆၅၉၃၆၆ | ဂ - ၉၁၃၄၈၁
ဂ - ၄၀၅၆၃၅ | ခ - ၆၆၆၁၉၆ | က - ၉၅၂၄၈၁
ဆ - ၅၈၀၅၉၆ | ဂ - ၆၇၂၄၈၆
စ - ၆၀၀၄၃၈ | ဇ - ၈၁၅၉၇၃

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၃) ယူနစ်**

ခ - ၁၂၇၃၆ | စ - ၅၄၃၉၄
င - ၃၂၄၀၅

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၈) ယူနစ်**

က - ၁၀၁၅ | ခ - ၆၂၀၃
စ - ၂၇၂၅ | ဂ - ၆၄၀၃
ဈ - ၃၇၁၃ | က - ၇၂၈၃
ခ - ၅၉၀၂ | ဃ - ၉၁၇၈

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၃) ယူနစ်**

က - ၂၆၅ | စ - ၃၆၅ | ဈ - ၇၈၄

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၅) ယူနစ်**

ဃ - ၃၇ | ဈ - ၆၅ | ဈ - ၇၂
ဃ - ၆၅ | ဂ - ၆၉

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်**

က - ၉

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

က - ၃၁၇၉၁၇ | ခ - ၅၀၁၉၂၈
ဇ - ၄၉၀၂၀၇ | ဆ - ၆၆၁၀၅၃

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်**

စ - ၇၈၉၆၈ | က - ၈၁၀၁၉

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်**

က - ၇၂၂၂
ဇ - ၈၁၂၇

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်**

က - ၁၇၀
စ - ၆၆၄

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၅ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင်ကျင်းပသည့် (၇၇) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၅၆၁၁၈) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၅၆၁၁၈) ဦးဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၇၈) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉) လုံးဖြစ်ပါသည်။

၃။ (၇၇) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၄-၈-၂၀၂၅) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၃-၈-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN Nan Myaing 2+1 coffee
Black Coffee PYIN OO LWIN NAN MYAING 2 in 1
PYIN OO LWIN NAN MYAING PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
100% PURE ARABICA COFFEE


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
AIBA
Prize Jury 2016
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON ဒဂုံ MALTA FRESH
Fresh LEMON
DAGON Lemon Barley Sparkling
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ . . .

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား)နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့်(အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းတို့ ပထမရွှေတံဆိပ်ဆု ဆွတ်ခူးရရှိ

နေပြည်တော် ဩဂုတ် ၁

ပိုက်ကျော်ခြင်းအားကစား အဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများစွာ ပေါ်ထွက်လာစေရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/ အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကိုးသိန်း အားကစားရုံ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ **စာမျက်နှာ ၂၄ ကော်လံ ၁** ◆



ဆောင်းပါး
နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဆိုတာ
စာ - ၁၃ သို့

နိုင်ငံတကာသတင်း
နယ်စပ်အရေးဆွေးနွေးရန် ထိုင်းနိုင်ငံ၏ကမ်းလှမ်းမှု ကမ္ဘောဒီးယားကြိုဆို
စာ - ၂၃ သို့

ဗီယက်နမ်မြောက်ပိုင်း၌ ရေကြီးမှုများကြောင့် ပျောက်ဆုံးသူနှင့် သေဆုံးသူ ၁၄ ဦးရှိ
စာ - ၂၃ သို့

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၈-၂၀၂၅

| | | | |
|---|---|---|---|
| မြစ်ကြီးနား | ၃ | ဒသမ | ၈၁ လက်မ |
| ပူတာအို | ၂ | ဒသမ | ၉၆ လက်မ |
| ဘီးလင်း | ၂ | ဒသမ | ၅၆ လက်မ |
| မြဝတီ | ၁ | ဒသမ | ၇၈ လက်မ |
| တောင်ငူ (လေကြောင်းမိုးလေဝသ) | ၁ | ဒသမ | ၆၉ လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၁ | ဒသမ | ၃၄ လက်မ |
| ပင်လောင်း | ၁ | ဒသမ | ၂၆ လက်မ |
| နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) | ၁ | ဒသမ | ၂၂ လက်မ |
| ကော့ကရိတ် | ၁ | ဒသမ | ၁၈ လက်မ |
| မင်းကင်း | ၁ | ဒသမ | ၁၀ လက်မ |

## ငဖဲမြို့နယ်၌ မိုးစပါး ဧက ၁၀၂၀၀ လျာထားစိုက်ပျိုး

ငဖဲ ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၅ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန် ဧက၁၀၂၀၀ လျာထားစိုက်ပျိုးရာ ဇူလိုင်လ ၃၁ ရက်အထိ ၁၅၅၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးပြီးစီးသည့် စပါးမျိုးကွဲအလိုက် စိုက်ဧကမှာ မနောသုခ ၄၀၃ ဧက၊ ဆင်းသုခ ၄၃၉ ဧက၊ အောင်နိုင်တိုး ၂ ဧက၊ ရွှေမင်း ၂၄၉ ဧက၊ ကောက်ညှင်း **စာမျက်နှာ ၁၇ ကော်လံ ၄** ■




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563